မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၉ ခုနှစ် ဗီယက်နမ် - မြန်မာ နိုင်ငံတကာကုန်စည်ပြပွဲ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် နိုဝင်ဘာ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် ဗီယက်နမ်-မြန်မာ နိုင်ငံတကာကုန်စည်ပြပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အမှာစကားပြောကြား

အခမ်းအနားကို ခန်းမအတွင်း၌ ကျင်းပရာ ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၈ ကော်လံ ၄ ❒

သတင်းမြင်ကွင်း	-	မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ရေပန်းဥယျာဉ်နှင့် ပနံသင့်နေသော ကန်သုံးဆင့်ရေတံခွန်

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း လှပသော ကန်သုံးဆင့်ရေတံခွန်၏ ပသာဒမြင်ကွင်းအလှ....။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

သတင်းခရီးသည်	-	မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း	-	မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု	-	တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော် ရေပန်းဥယျာဉ်အတွင်းဝင်လိုက်သည်နှင့် မြင်ကွင်းကပြောင်းသွားပြီး စိတ်လန်းဆန်းကာ အမောပြေသွားသည်။ မြက်ခင်းစိမ်းစိမ်းများ၊ လှပဝေဆာနေသော ပန်းပေါင်းစုံများနှင့် အပင်များ၊ ရေပန်းအလှများကား လာရောက်သူတိုင်း၏ရင်ကို ချမ်းမြေ့စရာ ဖြစ်စေသည်။

ဆွဲဆောင်

နေပြည်တော်ရောက်သူတိုင်း နေပြည်တော်ရေပန်းဥယျာဉ်သို့ မရောက်ရောက်အောင်လာစေရန် မြင်ကွင်းများက ဆွဲဆောင်လျက်ရှိသည်။ ရေပန်းဥယျာဉ်ကြီးအတွင်း အလျား ပေ ၁၈၀၊ အကျယ် ငါးပေရှိသော

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည် - ပေါက်ခေါင်း - တောင်ငူ ရထားလမ်း ဖောက်လုပ်နေပြီ ဒေသတွင်းသွားလာရေး ပိုမိုလွယ်ကူချောမွေ့လာစေမည်

ပဲခူးတိုင်း ပြည် - ပေါက်ခေါင်း-တောင်ငူ မီးရထားလမ်းအူကြောင်းကို ဤသို့ ဖောက်လုပ်နေသည်။ ဓာတ်ပုံမှတ်တမ်း- မျိုးမင်းသိန်း (မရမ်းကုန်း)

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်က ဒေသတစ်ခုနှင့်တစ်ခု သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းနှင့် တံတားများ ကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ပေးလျက် ရှိပေသည်။

တိုးချဲ့ဖောက်လုပ်

ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဒေသတစ်ခုမှ တစ်ခုသို့ သွားလာမှု လွယ်ကူစေခဲ့ပြီ ဖြစ်သည်။ ထို့အတူ လမ်းများသည်လည်း ကွန်ရက်သဖွယ် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ ✱

20-11 (01).pmd 1 11/20/2009, 1:04 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၀ ရက်)

လယ်ယာထွက်ကုန်စွမ်းအားမြင့်မားရေးဆည်တမံများတည်ဆောက်ပေးထား တိုင်းရင်းသားပြည်သူများက တာဝန်သိသိ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးလျက်ရှိရာ နိုင်ငံ၏ အထက်ပိုင်းဒေသ ရေခက်ခဲသောဒေသများတွင် ဆည်တမံများတည်ဆောက်ခြင်းလုပ်ငန်း၊ မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ နိုင်ငံ၏အထက်ပိုင်း၊ အလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ရန် ရေလှောင်တမံစီမံကိန်းများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ရေရရှိရေးစီမံကိန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ယခုအခါ ဆည်တမံ ၂၂၈ခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာအနီးရှိ ကန့်ဒေါင့်ရေလှောင်တမံကို နိုဝင်ဘာလ ၁၅ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ဦးတည်ကြိုးပမ်းလျက်ရှိရာ စက်မှုလယ်ယာစနစ်တွင် စိုက်ပျိုးရေရရှိရေးသည် အဓိကကျပေသည်။ ယာမြေသီးနှံအတွက် စိုက်ပျိုးရေ အနည်းငယ်သာလိုအပ်သော်လည်း လယ်ယာမြေအတွက်မူ ရေဖူလုံရေးသည် အဓိကကျသည်။

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တွင် ကန့်ဒေါင့်ရေလှောင်တမံကို ဖွင့်လှစ်လိုက်ခဲ့ခြင်းဖြင့် ပတ်ဝန်းကျင်ကျေးရွာဒေသများရှိ လယ်ယာမြေဧက ၂၀၀အတွက် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်ရန် ရေလုံလောက်စွာရရှိပြီဖြစ်သည်။ ပုလဲမြို့နယ်သည် နှစ်စဉ် မိုးရေချိန်လက်မ၃၀ခန့်သာ ရွာသွန်းပြီး ရေ၊ မြေကောင်းသည့်ဒေသဖြစ်၍ မိုးစပါးနှင့် အခြားသီးနှံများကို တစ်နှစ် နှစ်သီးစိုက်ပျိုးလျက်ရှိရာ ယခုအခါ ကန့်ဒေါင့်ရေလှောင်တမံဆည်ရေဖြင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို တစ်နှစ်သုံးသီးစား စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ဆည်တမံများကို တာဝန်သိသိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်အရှေ့ပိုင်း)ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဟန်-၂ နှင့်အဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် နိုဝင်ဘာ ၁၆ရက်က ရန်ကုန်-ပဲခူးလမ်းမကြီး ကျောက်လမ်းမှတ်တိုင်အနီး၌ ခရီးသည်တင်မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးစဉ်။ (ခရိုင် ကညန)

မြဝတီရုပ်မြင်သံကြား

၂၀-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အိုင်စီတီသုတ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များအကြောင်း
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ **ဒါလဲ ရွာဓလေ့ပါပဲ** မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်
- ၆:၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေး-စိုးလင်း **မရပ်မနားအိပ်မက်များ** (အပိုင်း-၁)
- ၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇာတ်ကား
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရှက်ဦး** (အပိုင်း-၃)

ပညာပါရမီစာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ကျိုင်းတုံ နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာ ပညာပါရမီစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို နိုဝင်ဘာ ၇ရက်က ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျှန်ဆုမ်း၊ ပြည်နယ်ရုံး ဒုတိယဦးစီးမှူး ဦးအောင်စန်းမြင့်နှင့် ခရိုင်ရုံး ဒုတိယဦးစီးမှူး ဦးအေးမောင်တို့က ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကတ်တောင်ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုင်းနန်မွေနွဲ့က လက်ခံယူသည်။ **(အပေါ်ဝဲပုံ)**

(ပြည်နယ် ပြန်/ဆက်)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂၁-၁၁-၂၀၀၉)

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ လောကနီတိအသိရှိစေဖို့ (သရဏဂုံ)
- ၈:၅၀ တေးပဒေသာ
- ၉:၃၀ ဘဝအသွင်ကဗျာ့အမြင် (စိတ်ကြိုက်ကဗျာများ) တေးပဒေသာ
- ၉:၄၅ အာဆီယံအစီအစဉ်
- ၁၀:၀၀ မွေးနေ့လက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၄၀ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ ကလေးအစီအစဉ် ကလေးများအတွက် တေးသီချင်းများ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ဓနမဲ့အချစ်စစ်) တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် တေးပဒေသာ
- ၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ကျေးလက်လူနေမှု ဘဝသရုပ်ဖော် အိုင်ချင်းများ၊ သာရဝေါ-စိုးကြည်)
- ၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ ပညာရေးအစီအစဉ် (မူလတန်းအဆင့် အင်္ဂလိပ်စာ) တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၇:၁၅ တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ခေတ်မရွေးသောတေးများ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈:၃၅ Radio Internet (05)
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ တေးပဒေသာ
- ၁၉:၁၅ သူ့အကြိုက်သူ့အသွင် (မင်းထက်ကျော်ဇင်)
- ၁၉:၃၀ ကျန်းမာရေးရာ သိကောင်းစရာ (တစ်ကိုယ်ရေ သန့်ရှင်းရေး) တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား

စီးပွားရေးဦးတည်ချက်

- ၂၀:၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ (၁၅)
- ၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁:၁၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁:၃၀ လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

သဃ်န်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက် စွန်းလွန်းဂူကျောင်း အဆောင်(၃) အခန်း ၁၁ နေ ဒေါ်မြင့်စိန်၊ မြေး မချစ်ဆုဝေ၏သား မောင်မောင်ဖြူသန့်မိသားစုက မတင်ဝင်းမာအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ သူနာပြုမှူး ဒေါ်နော်လားထူးအေးနှင့် သူနာပြုဒေါ်ဝင်းဝင်းရွှေတို့ လက်ခံယူစဉ်။(ကင်ဆာဖောင်ဒေးရှင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အဌာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဘုန်းကံကြီးပြီ ဒို့ဌာနီ** တရားတော် (ဆရာတော်အရှင်လာဘ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၂)
- ၈:၃၀ 25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (သေနတ်ပစ်)
- ၈:၅၀ Activities in the City (ဘုရင့်နောင်ဈေးမိသားစု မဟာဘုံကထိန်)
- ၉:၀၅ ဧရာဝတီမြစ်ကမ်းတစ်ဖက်စီမှ အလင်းတာဝါတိုင်များ
- ၉:၃၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ မောင်မောင်တာ)
- ၁၀:၂၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၁၀:၅၀ ဖက်ရှင်လမ်းညွှန် (Fantastic Fashion)
- ၁၁:၀၅ ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း ထောက်ကြန့်ကလေးပြုစုရေးဌာန
- ၁၁:၂၅ ကိုယ်တိုင်ကျင့်ဆင့်ပွားလှုပ်ရှား လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းအကြောင်း ဆွေးနွေးပွဲ
- ၁၁:၄၅ ၂၀၀၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အမေ့မေတ္တာစာမူဆု ချီးမြှင့်ခြင်းနှင့် အမေဂုဏ်ပြုသီချင်းဆိုပွဲ
- ၁၂:၁၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
- ၁၂:၂၀ Science Tech Today
- ၁၂:၄၀ ဧရာဝတီမြစ်ကမ်းတစ်ဖက်စီမှ အလင်းတာဝါတိုင်များ
- ၁:၀၀ **ဘုန်းကံကြီးပြီ ဒို့ဌာနီ** တရားတော် (ဆရာတော်အရှင်လာဘ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ World of Knowledge (Megacities Seoul Unlocking the Grid)
- ၃:၄၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄:၀၅ Activities in the City (ဘုရင့်နောင်ဈေးမိသားစု မဟာဘုံကထိန်)
- ၄:၂၀ သီးပွင့်ဝေဆာပဒေသာ (ကျွဲကော)
- ၄:၃၀ Science Tech Today
- ၄:၄၅ VJ Choice
- ၅:၁၀ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၅:၃၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် မင်းမော်ကွန်းနှင့် တွေ့ဆုံခြင်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Art &T8)
- ၆:၄၅ ဖက်ရှင်လမ်းညွှန် (Fantastic Fashion)
- ၇:၀၀ ၂၀၀၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အမေ့မေတ္တာစာမူဆု ချီးမြှင့်ခြင်းနှင့် အမေဂုဏ်ပြုသီချင်းဆိုပွဲ
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် မင်းမော်ကွန်းနှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၂)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၀၅ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၁၂:၂၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် မိုးချိတ်အသွင်
- ၁၂:၄၀ **ရင်သွေးအတွက် သတိတစ်ချက်** ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရူပါဦး (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၂:၅၀ လှပသစ်ဆန်းအလှပြင်ခန်း (Art &T8)
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဒလ-တွံတေးလမ်း ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဒလ-တွံတေးလမ်း ကတ္တရာခင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ ၁၆ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရန်ကုန်တိုင်းရုံး)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် လုပ်ငန်းရှင်အဖွဲ့ ခုနစ်ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆မိုင် တိုးတက်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှု၊ ယင်းလမ်းပေါ်ရှိ ပေ ၅၀အောက်တံတား ၇၄စင်း၊ ပေ ၅၀နှင့် ပေ ၁၀၀ကြား တံတား ၂၃စင်း၊ ပေ ၁၀၀နှင့်အထက် တံတားလေးစင်း စုစုပေါင်းတံတား ၁၀၁စင်း တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကွင်းဆိုင်းမှု

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်ဖြင့်ထွက်ခွာ၍ အောင်ဇေယျကြိုးတံတား၏ ကွင်းဆိုင်းမှုနှင့်ချဉ်းကပ်တံတားပြုပြင်ထိန်းသိမ်းထား ရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လှိုင်သာယာစက်မှုဇုန်အမှတ်(၅)လမ်းမကြီးမှ ဒလ-တွံတေးကားလမ်း မိုင်တိုင်အမှတ်(၁/၅)၌ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကတ္တရာများထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရန်သားဖွားသင်တန်း အုတ်တွင်းမြို့နယ်၌ဖွင့်

အုတ်တွင်း နိုဝင်ဘာ ၁၉

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးကြပ်ဖွင့်လှစ်သည့် အရန်သားဖွားသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းကျော်က အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးမင်းက သင်တန်းရည်ရွယ်ချက်နှင့် မြို့နယ်မိခင်နှင့်ကလေး ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေက သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ) (၃၁၆)

အမျိုးသားနေ့ အခမ်းအနား စဥ့်ကူးတွင်ကျင်းပ

စဥ့်ကူး နိုဝင်ဘာ ၁၉

(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားနှင့် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက စဥ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသားကျောင်းသူကလေးများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ထံမှပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ဖတ်ကြားသည်။

ဂုဏ်ပြုဆုများပေးအပ်

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ၊ ဒုတိယရဲမှူး မြင့်လွင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတောက်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်တို့က အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းနှင့်မူလတန်း အဆင့်ပထမ၊ ဒုတိယနှင့်တတိယဆုများ ရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ယင်းဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၉

ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁) နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှတပည့်များ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေထည့်ဝင်လိုပါက ရန်ကုန်မြို့၌ ဦးလှရွှေ(ဥက္ကဋ္ဌ၊ ရေနံချောင်းမြို့နယ်အသင်း) ဖုန်း-၀၁-၅၇၂၄၄၀၊ မန္တလေးမြို့၌ ဦးမောင်မောင်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆည်မြောင်း) ဖုန်း-၀၂-၃၁၈၃၆၊ မကွေးမြို့၌ ဦးကျော်ညွန့်(ဗဟိုတရားရုံးရှေ့နေ) ဖုန်း-၀၆၃-၂၂၁၈၀၊ ရေနံချောင်းမြို့၌ ဦးစိန်မောင်ညို(ကျောင်းအုပ်ဆရာကြီး) ဖုန်း-၀၆၀-၂၁၀၆၇၊ ဦးမြမောင်(အတွင်းရေးမှူး) ဖုန်း-၀၆၀-၂၁၁၁၁နှင့် ဦးဝင်းထွန်း(လေယာဉ်ပျံဆေးလိပ်ခုံ) ဖုန်း-၀၆၀-၂၁၁၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး မိတ္ထီလာမြို့နယ်တွင် ဆောင်ရွက်ပေး

မိတ္ထီလာ နိုဝင်ဘာ ၁၉

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် အဖွဲ့မှ စက်ရေတွင်းအသစ်များ တူးဖော်ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အင်ဂျင်စက်များ၊ လေမှုတ်စက်များ ပြန်လည်ပြုပြင်ခြင်း၊ တွင်းပြန်လည်လေမှုတ်သန့်စင်ခြင်း၊ ရေစက်ရုံနှင့် ရေကန်များပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာမြို့နယ် ကမ္ဘာ့တဲကျေးရွာတွင် အင်ဂျင်၊ ရေစက်ရုံနှင့် ရေကန်ပြုပြင်ခြင်းလုပ်ငန်းကို မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးစိုးအောင်က ကြီးကြပ်ဆောင်ရွက်ပေးပြီး ရွာသူရွာသားများ ရေပုံမှန်ရယူသုံးစွဲလျက်ရှိသည်။ **(အပေါ်ပုံ)** (၀၈၆)

ယခုအပတ် TV Guide ထုတ်ဝေဖြန့်ချီ

နေပြည်တော် နိုဝင်ဘာ ၁၉

TV Guide အတွဲ(၁)၊ အမှတ်(၂၀)ကို နိုဝင်ဘာ ၂၀ရက်(သောကြာနေ့)တွင် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

ယင်း TV Guide တွင် MTV ရုပ်သံလိုင်း၌ ပြသမည့် Linkin Park နှင့် Jay-Z တို့ နှစ်ယောက်တွဲတင်ဆက်မည့် MTV World Stage အစီအစဉ်၊ Star World ရုပ်သံလိုင်းတွင်ပြသမည့် အိမ်ထောင်သည် ကမ္ဘာ့အချောဆုံးအမျိုးသမီးရွေးချယ်ပွဲ Mrs. World 2009 အစီအစဉ်အကြောင်းနှင့် Kings ဇာတ်လမ်းတွဲ၏ Season 1 အကြောင်း၊ Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် 2009 Macau Grand Prix နှင့် ဆန်းဒါးလန်း-အာဆင်နယ်ပွဲစဉ်အကြောင်း၊ ESPN ရုပ်သံလိုင်းတွင် ပြသမည့် လီဗာပူးလ်-မန်စီးတီး၊မန်ယူ-အဲဗာတန်၊ ချယ်လ်ဆီး-ဝုဗ်၊ ဘော်လ်တန်-ဘလက်ဘန်း၊ စတုတ်စီးတီး-ပို့စ်မောက်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ NGC Wild ရုပ်သံလိုင်းတွင်ပြသမည့် ခြင်္သေ့စစ်တပ်အကြောင်း၊ Discovery ရုပ်သံလိုင်းတွင်ပြသမည့် ဂရိနိုင်ငံ၏ အံ့သြဖွယ် ခုနစ်ခုအကြောင်း၊ MRTV-4 တွင် ပြသမည့် နေတိုး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သည့် ကြိုးကြာတောင်ပံခတ်သံရိုက်ကွင်းအကြောင်း၊ နေချင်စဖွယ်အိမ်များတင်ဆက်မှု၊ အိန္ဒိယအစားအသောက်များ ရရှိနိုင်သည့် Shanti ဆိုင်အကြောင်း၊ လာအိုဆီးဂိမ်းပြိုင်ပွဲဝင်ရန် လေ့ကျင့်ခန်းဝင်နေသည့် မြင်းကွင်းများ ကြည့်ရှုရမည့် လာအိုဆီးဂိမ်းအစီအစဉ်အကြောင်း၊ ဘဝများအစီအစဉ်မှာ ပြသမည့် ဇေလုဝအကြောင်းတို့နှင့်အတူ ပါဝင်နေကျကဏ္ဍများ၊ တစ်ပတ်စာအစီအစဉ်များ ပါဝင်သည်။ TV Guide စာစောင်တစ်စောင်လျှင် ငွေကျပ်၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် စတင်နေပြီဖြစ်ကြောင်း သိရသည်။ မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့မီးရထားဝန်ထမ်းများအား အခမဲ့ဆေးကုသ မန္တလေးအလုပ်သမားဆေးရုံကြီးအတွက် အလှူငွေပေးအပ်

စစ်ကိုင်း နိုဝင်ဘာ ၁၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်းအမှတ်(၂)နယ်မြေအတွင်းရှိ ဝန်ထမ်းနှင့် မိသားစုများအား အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်ဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ရက်က စစ်ကိုင်းမြို့ ရွာထောင်မီးရထားဝင်း၌ ကျင်းပသည်။

စမ်းသပ်ကုသပေး

အခမ်းအနားတွင် အလုပ်သမားဆေးရုံကြီး မန္တလေးမြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းဦးဆောင်၍ ခွဲစိတ်အထူးကု ဒေါက်တာစိုင်းအောင်စိန်၊ ကလေးအထူးကု ဒေါက်တာကျော်စိုး၊ ဆေးပညာအထူးကုဒေါက်တာဒေါ်ခင်စန်းတင့်၊ သားဖွားမီးယပ်အထူးကု ဒေါက်တာဒေါ်သန္တာအောင်၊ မျက်စိအထူးကုဒေါက်တာဦးဝင်းလှိုင်နှင့် နား၊နှာခေါင်း၊လည်ချောင်း အထူးကု ဒေါက်တာဒေါ်ခင်လှလှတို့က မီးရထားဝန်ထမ်းမိသားစု လူနာ ၅၅၃ဦးကို ကြည့်ရှုစမ်းသပ်ကုသပေးသည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက လူမှုဖူလုံရေးအဖွဲ့၏ အခမဲ့ဆေးကုသခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဟောပြောခဲ့ပြီး**(အောက်ပုံ)** မြန်မာ့မီးရထား တိုင်းအမှတ်(၂)ဝန်ထမ်းများက မန္တလေးအလုပ်သမားဆေးရုံကြီးအတွက် ရေသန့်သောက်ရေစက်တပ်ဆင်ရန် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့မဈေး မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်

တောင်တွင်းကြီး နိုဝင်ဘာ ၁၉

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမောင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးခင်မောင်ကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖအဖွဲ့များ မီးဘေးကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၂ရက်က စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာကေတ အထက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

သာကေတ အထက(၃)ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစားဆရာဆရာမကြီးများအား (၁၁)ကြိမ်မြောက် ပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမကြီးများအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက အပတ်စဉ် တနင်္ဂနွေနေ့ မွန်းတည့် ၁၂နာရီတွင် အထက(၃)သို့ လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်းဖြင့်ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၉-၈၀-၃၂၄၉၇၊ ဖုန်း-၅၅၈၁၄၅၊ ဖုန်း-၇၀၁၀၉၀ နှင့် ဒေါ်ခင်သိန်းဝင်း ဖုန်း-၇၂၀၁၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စားနပ်ရိက္ခာဖူလုံရေး ထိပ်သီးအစည်းအဝေး အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပ

ရောမ နိုဝင်ဘာ ၁၉

ကုလသမဂ္ဂစားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ ရောမမြို့၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက နိုဝင်ဘာ ၁၆ရက်တွင် ဖွင့်လှစ်ပေးလိုက်သည်။

ကမ္ဘာပေါ်ရှိ ငတ်မွတ်ခေါင်းပါးနေသူ ပြည်သူများ၏ အခြေအနေကို ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများမှ ခေါင်းဆောင်များက အလေးဂရုမပြုဘဲ ပေါ့ပေါ့တန်တန်သဘောထားနေချိန်တွင် ယင်းထိပ်သီး အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာအနှံ့ရှိ ပြည်သူတို့၏ လိုလားချက်ကို တကယ်တမ်း ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် အီတလီနိုင်ငံ ရောမမြို့ရှိ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)ဌာနချုပ်၌ကျင်းပသော စားနပ်ရိက္ခာဖူလုံရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲ ၆၀ခန့်ကို မစ္စတာဘန်ကီမွန်းက ပြောကြားသည်။ ရာသီဥတုပြောင်းလဲမှုပြဿနာနှင့် စားနပ်ရိက္ခာဖူလုံ မှုပြဿနာသည် တစ်ခုကိုတစ်ခု အမှီသဟဲ ပြုနေကြောင်း၊ ယင်းမှာ အထူးဂရုပြုရမည့် အရေးကြီးဆုံး ပြဿနာများဖြစ်ကြောင်းဖြင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

သစ်သီးဝလံပန်းမန်ပြပွဲ

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ကျိုကျို့မြို့၌ကျင်းပသည့် သစ်သီးဝလံပန်းမန်ပြပွဲ တစ်နေရာကို နိုဝင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်္ဂလိပ်လာလေကြောင်းလိုင်း ကျူးဘားနိုင်ငံ ဟာဗားနားသို့ တစ်လတစ်ကြိမ် တိုက်ရိုက်ပျံသန်းပေး

လူအန်ဒါ နိုဝင်ဘာ ၁၉

ကျူးဘားနိုင်ငံသို့ သွားရောက်ဆေးကုသမှုခံယူမည့် အင်ဂိုလာနိုင်ငံသားများအတွက် အင်ဂိုလာလေကြောင်းလိုင်း (တီအေအေဂျီ)အနေဖြင့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ တိုက်ရိုက်လေကြောင်းခရီးစဉ်ကို တစ်လတစ်ကြိမ် ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း အင်န်ဂွတ်ပ်သတင်းဌာနက နိုဝင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျဆင်း

ယင်းလေကြောင်းခရီးစဉ်ကို နိုဝင်ဘာ ၁၈ရက်မှ စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း၊ လေယာဉ်လက်မှတ်ဈေးနှုန်းမှာလည်း ယခင်က အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ အကြား ရှိရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၁၆၀၀သို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။ ***(အင်တာနက်)***

လက်နက်ငယ်များ ရောင်းဝယ်မှု နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်မည်

လေဂို့စ် နိုဝင်ဘာ ၁၉

နိုင်ဂျီးရီးယားနှင့်ယူကရိန်းအစိုးရသည် လက်နက်ငယ်များ တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတ အမ်မရူ ရာအဒူအာက နိုဝင်ဘာ ၁၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကြိုဆို

ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး နိုင်ဂျီးရီးယားသို့ ဒီဇင်ဘာလအတွင်း ချစ်ကြည်ရေးခရီးလာရောက်မည့် အစီအစဉ်ကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း နိုင်ဂျီးရီးယားသမ္မတက ထပ်လောင်း ပြောကြားသည်။

လက်မှတ်ရေးထိုး

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း ရာအဒူအာက ပြောကြားသည်။ **(အင်တာနက်)**

နိုဝင်ဘာ ၁၈ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသည့် ကလေးငယ်တစ်ဦးအားတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘတ်စ်ကား တိမ်းမှောက်

အမေရိကန်နိုင်ငံ မင်နီဆိုးတားမြို့၌ ခရီးသည်တင်ဘတ်စ်ကား တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားသည်ကို နိုဝင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျာမန်တပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ်မှု အာဖဂန်အရပ်သားနှစ်ဦး ဒဏ်ရာရ

ကဘူးလ် နိုဝင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ် လူဒင်ဒေသတွင် နိုဝင်ဘာ ၁၈ရက် မွန်းလွဲပိုင်းက ဂျာမန်တပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ဆေးကုသမှုခံယူ

အသက် ၁၅နှစ်နှင့် ၂၅နှစ်အရွယ် ဒဏ်ရာရရှိသူအမျိုးသားနှစ်ဦးမှာ ကွန်ဒုဇ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အခြေအနေမှာ ကောင်းမွန်နေပြီဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

ယင်းဖြစ်ပွားမှုမှာ အကြမ်းဖက်သမားများက ဂျာမန်တပ်ဖွဲ့ဝင်များအား မကြာခဏ ဝင်ရောက်တိုက်ခိုက်သည့်နေရာဖြစ်သဖြင့် ယခုကဲ့သို့ မှားယွင်းပစ်ခတ်ခြင်းဖြစ်ကြောင်း ဂျာမန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်ပြည်သူ သန်း၅၀ခန့် စားနပ်ရိက္ခာရှားပါးမှုနှင့်ကြုံတွေ့နေ

ဝါရှင်တန် နိုဝင်ဘာ ၁၉

အမေရိကန်ခြောက်ဦးလျှင် တစ်ဦးသည် စားနပ်ရိက္ခာရှားပါးမှု ကြုံတွေ့နေရကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးဆုတ်ယုတ်ကျဆင်းနေခိုက် ယင်းကဲ့သို့ ပူဆွေးသောကရောက်လောက်အောင် ရိက္ခာရှားပါးနေကြခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု အစိုးရ၏ အစီရင်ခံစာတစ်စောင်၌ ဖော်ပြသည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၁၇ရက်က ပါရှိသည်။

အမေရိကန်လူဦးရေ၏ ၁၄ဒသမ၆ရာခိုင်နှုန်း ဖြစ်သော ပြည်သူသန်း ၅၀ခန့်သည် အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၇ ခုနှစ် စီးပွားရေးအကျပ်အတည်း ကြုံတွေ့ရမှုကြောင့် စားနပ်ရိက္ခာဖူလုံမှု အဆင့်အတန်း ပိုမိုနိမ့်ကျလာသဖြင့် စားနပ်ရိက္ခာအတွက် ကိုယ့်အားကိုယ်ကိုး ရုန်းကန်လာကြရကြောင်းဖြင့် မကြာမီက ကျင်းပသော အမေရိကန်စိုက်ပျိုးရေးဌာန (ယူအက်စ်ဒီအေ)၏ တွေ့ရှိချက်များ သုတေသနလေ့လာချက်တွင် ဖော်ပြထားသည်။

အာဟာရချို့တဲ့

လွန်ခဲ့သည့်နှစ်တွင် ကလေးငယ် ငါးသန်းကျော် အာဟာရချို့တဲ့သူများ ဖြစ်ကြရကြောင်း၊ အာဟာရချို့တဲ့သည့် အမေရိကန်ကလေးငယ် စုစုပေါင်း ၁၇သန်းအထိ တိုးလာခဲ့ကြောင်းဖြင့် ယူအက်စ်ဒီအေ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပက်ရှ်ဝါမြို့၌ပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို နိုဝင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အနောက်အုပ်စုတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်သို့ ထပ်မံစေလွှတ်မည်

အီဒင်ဘာရာ နိုဝင်ဘာ ၁၉

အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏အနောက်အုပ်စု မဟာမိတ်နိုင်ငံများသည် အာဖဂန်နစ္စတန်နိုင်ငံသို့ ယင်းတို့၏တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး) အတွင်းရေးမှူးချုပ် အင်ဒါဖောက်ရာ့စမူဆင်က နိုဝင်ဘာ ၁၇ရက်တွင် ပြောကြားသည်။

ပြောကြား

တပ်ဖွဲ့ဝင်များ ယင်းကဲ့သို့ ထပ်မံစေလွှတ်ခြင်းသည် တန်ပြန်ဆောင်ရွက်မှုအဖြစ် မိမိယူဆကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။ စကော့တလန်ပြည်နယ် အီဒင်ဘာရာမြို့၌ကျင်းပသည့် နေတိုးအစည်းအဝေးတစ်ရပ်တွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဖီဂျီနိုင်ငံအနီး၌ ဆိုင်ကလုန်းမုန်တိုင်း ငါးခု ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

ဆူဗား နိုဝင်ဘာ ၁၉

အာရှပစိဖိတ်ဒေသတွင် လာမည့်နှစ်နှစ်အတွင်း၌ ဆိုင်ကလုန်းမုန်တိုင်း ၁၂ခု ဝင်ရောက်တိုက်ခတ်ဖွယ်ရှိပြီး ငါးခုသည် ဖီဂျီနိုင်ငံအနီး၌ ပေါ်ပေါက်ဖွယ်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အဆိုပါခန့်မှန်းချက်ကို အမေရိကန်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဌာနမှ ညွှန်ကြားရေးမှူး ဂျွန်ဂေါ့ဒ်မန်းက ဖီဂျီနိုင်ငံ၌ လေးရက်ကြာ ကျင်းပသည့် သဘာဝဘေးအန္တရာယ် လျော့ကျင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းသည်

အာဖဂန်သမ္မတကာဇိုင်း ဒုတိယအကြိမ်ကျမ်းသစ္စာကျိန်ဆို

လက်ရှိအာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် ယခင်က တာလီဘန်များ အုပ်ချုပ်ခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတအဖြစ် လုံခြုံရေးများ တင်းကျပ်စွာချထားသည့်ကြားက နိုဝင်ဘာ ၁၉ ရက်တွင် ဒုတိယအကြိမ် ကျမ်းသစ္စာကျိန်ဆိုသည်။

ကာဇိုင်း၏ သမ္မတနန်းတော်တွင်ကျင်းပသော အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲကို အာဖဂန်နစ္စတန်တရားသူကြီးချုပ် အဗ္ဗဒူဆာလမ်အဇီမီက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံခြားဧည့်သည်တော်များတွင် ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် အပါအဝင် ပြင်သစ်၊ တူရကီ၊ တာ့ခ်မင်နစ္စတန်နှင့် တာဂျီကစ္စတန်တို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြသည်။

ပင်လယ်ဓားပြ ပြဿနာ စုပေါင်းအဖြေရှာ

ဆိုမာလီနိုင်ငံတွင် ဖြစ်ပွားနေသော ပင်လယ်ဓားပြများအန္တရာယ်ကို တညီတညွတ်တည်းဖြေရှင်းသွားနိုင်အောင်ဆောင်ရွက်သွားကြရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံတကာမိသားစုနိုင်ငံများသို့ နိုဝင်ဘာ ၁၈ ရက်က ဆော်ဩလိုက်သည်။

ဆိုမာလီပင်လယ်ဓားပြများ၏အန္တရာယ်ကို စုပေါင်းဖြေရှင်းရာတွင် ထိရောက်သည့်နည်းဖြင့် တိုက်ခိုက်ချေမှုန်းသွားရန် လိုအပ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် လီယူရှင်မင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည်။

နယူးဇီလန်၌ ငလျင်ထပ်ဆင့်လှုပ်

နယူးဇီလန်နိုင်ငံမြောက်ကျွန်းပါလ်မာစတန်မြောက်ဒေသတွင် နိုဝင်ဘာ ၁၉ရက်က ငလျင်နှစ်ကြိမ်လှုပ်သွားသည်။ ပထမမြေငလျင်မှာ အင်အား ၅ဒသမ ၁ရှိပြီး နံနက် ၇နာရီခန့်က လှုပ်သွားခြင်း ဖြစ်သည်။ ဒုတိယမြေငလျင်မှာ အင်အား ၄ဒသမ၃ ရှိပြီး ယခင်ငလျင်နှင့် တစ်နေရာတည်းမှာပင် နံနက် ၈ နာရီခန့်က လှုပ်သွားခြင်း ဖြစ်သည်။

တရုတ်စားသောက်ဆိုင်မီးလောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုံပြည်နယ်အရှေ့ပိုင်း ကင်ယွန်စီရင်စုတွင် နိုဝင်ဘာ ၁၉ရက် စောစောပိုင်းက စားသောက်ဆိုင်တစ်ဆိုင် မီးလောင်သဖြင့် ခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ခုနစ်ဦးကိုမူ မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ သုံးဦးမှာ ဒဏ်ရာအနည်းငယ်စီရရှိသွားကြောင်းဖြင့် အဆိုပါစီရင်စု ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ မီးလောင်ရခြင်းအကြောင်းရင်းကို ရဲများက စုံစမ်းနေဆဲဖြစ်သည်။

အတ္တလန္တစ်လွန်းပြန်ယာဉ် အာကာသစခန်းသို့ရောက်ရှိ



အမေရိကန်အာကာသလွန်းပြန်ယာဉ် အတ္တလန္တစ်သည် နှစ်ရက်နီးပါးကြာ ခရီးထွက်ခဲ့ပြီးနောက် နိုင်ငံတကာ အာကာသစခန်းသို့ နိုဝင်ဘာ ၁၈ ရက်က ဆိုက်ရောက်သည်ဟု သတင်းရရှိသည်။

အဆိုပါအာကာသလွန်းပြန်ယာဉ်သည် အာကာသစခန်းသို့ ဂရင်းနစ်စံတော်ချိန် ၁၆း၅၁ တွင် ဆိုက်ကပ်ခဲ့ကြောင်း၊ ထို အာကာသလွန်းပြန်ယာဉ်သည် ဩစတြေးလျနှင့် တာ့ခ်မေးနီးယားကြား ကမ္ဘာ့မြေပြင်မှနေ၍ မိုင် ၂၂၀ ခရီးကို ပျံသန်းခဲ့ကြခြင်းဖြစ်ကြောင်း အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)က ပြောကြားသည်။ *(အပေါ်ပုံ)*

မက္ကဆီကိုတွင် မိုးသည်းထန်စွာရွာသွန်း၊ တုပ်ကွေးဖြစ်ပွား

အောက်တိုဘာလကုန်ပိုင်းနှင့် နိုဝင်ဘာလစောစောပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်ဒဏ်ကို ဆိုးဆိုးရွားရွားခံစားကြရသော မက္ကဆီကိုနိုင်ငံရှိ ပြည်နယ်များသည် ယခုအခါ အပူပိုင်းဒေသတွင်ဖြစ်ပွားလေ့ရှိသော တုပ်ကွေးရောဂါများဖြစ်ပွားနေပြီဖြစ်ကြောင်း အဆင့်မြင့်ကျန်းမာရေးအရာရှိတစ်ဦးက ရုပ်မြင်သံကြားအစီအစဉ်တစ်ခုမှနေ၍ နိုဝင်ဘာ ၁၉ ရက်က ကြေညာသည်။

မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုအချိန်အထိ အဆိုပါတုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ ၁၀၅၀၀၀ ခန့်စာရင်းရရှိထားကြောင်း၊ မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာမှုမြှင့်တင်ရေးဦးစီးဌာနအကြီးအကဲ မော်ရီစီယိုဟာမင်ဒက်ကပြောကြားသည်။ ။

(အင်တာနက်)

မြဝတီမြို့နယ် ၂၀၀၉ခုနှစ် (၈၉) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သောင်ရင်းခန်းမတွင် ကျင်းပရာ အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံး အထက်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြဝတီ အလကမှ မဆုလှဲ့ဝင်းအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများအကြောင်း ပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကိုကိုအောင်၏ ကြီးကြပ်မှုဖြင့် ခရိုင်မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၇ရက် နံနက်က အင်းစိန် အထက(၅) ကျောင်းခန်းမ၌ ဒုတိယမြို့နယ်တရားသူကြီး ဦးဝင်းနိုင်စိုး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)၊ အနောက်ပိုင်းခရိုင်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်သောင်းဇံတို့က ဟောပြောကြသည်။

ဟောပြော

အလားတူ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ရက် မွန်းလွဲပိုင်းက အင်းစိန်အလက(၁၀) ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝေယဉ်ဖြူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ အနောက်ပိုင်းခရိုင်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်သောင်းဇံ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း(သတင်းထောက် စန္ဒကူ စိုးဝင်း)နှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မြင့်ဆွေတို့ ဟောပြောကြသည်။

ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင် **(အပေါ်ပုံ)**၊ မြို့နယ်ဥပဒေအရာရှိဦးဝင်းတင်၊

(၁၁၃)

မူးယစ်ကင်းစင် အလှဆင်

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေနီ-ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်ဥက္ကလာပ အလက(၆) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အလက(၆) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ကြီး ဖုန်း-၀၁-၅၆၆၁၇၂၊ ကိုမြတ်သူ ဖုန်း-၀၁-၅၆၉၃၆၀၊ ကိုဖြိုးစည်သူ ဖုန်း-၀၉-၅၁-၁၀၁၂၄ နှင့် ကိုမင်းဇော် ဖုန်း-၀၉-၅၀-၅၇၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၁၉)

ယောက်ျားဖြစ်လိုက် မိန်းမဖြစ်လိုက်နှင့် ပရိသတ်ကိုမျက်လှည့်ပြမည့် မာမီရှိန်း ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် နိုဝင်ဘာ ၁၉

ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှတင်ဆက်ပြီး မင်းမြအေး စီစဉ်သည့် မာမီရှိန်းရုပ်ရှင်ဇာတ်ကားကြီးမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယနေ့ ရုံဝင်လာပြီး မန္တလေးဝင်းလိုက်နှင့် မြို့မရုံများတွင်ပါ တစ်ပြိုင်တည်းပြသလျက်ရှိသည်။

မာမီရှိန်း

ရုပ်ရှင်သရုပ်ဆောင်ထင်ရှားအောင်နှင့် သူဌေးသမီးရွှေစင်သွန်းတို့က မွေးသော သမီးလေးချစ်စံအိမ်ကိုထိန်းသည့် ကလေးထိန်းမှာ မာမီရှိန်းဖြစ်သည်။ မာမီရှိန်းကို ချစ်စံအိမ်၏ ဘိုးဘိုးကြီး ဦးအောင်ကျော်က သွားလေသူ သူ့ဇနီးနှင့် ခွဲမရအောင်တူသည်ဟုဆိုကာ သဘောကျသော်လည်း သူ့သမက်ထင်ရှားအောင်ကို သဘောမကျ၊ သမီးနှင့် သဘောမတူ။ သမီးနှင့်သမက် ကွဲကြသည့်တိုင် သမီးအတွက် ပူပင်ရကောင်းမှန်းမသိ။ ကျိတ်ဝမ်းသာနေပြီး သမီးနှင့်မြေးကို အိမ်ပေါ်ခေါ်တင်ထားရင်း ကလေးထိန်းမာမီရှိန်းကို အရှင်ရရ အသေရရ ကြိုးစားနေသည်။ သို့ဖြင့် ဦးအောင်ကျော်သည် မာမီရှိန်းက သေဆိုသေ ရှင်ဆိုရှင်ဖြစ်လာသည်။ ဦးအောင်ကျော်၏သမီး ရွှေစင်သွန်းကလည်း မာမီရှိန်းကို မိမိဖခင်အား ချူစားနေသည်ဟု မြင်သည်။ ပိုင်းလုံးမ မာမီရှိန်းကို မသင်္ကာ၊ မျက်စိဒေါက်ထောက်ကြည့်သည်။ မာမီရှိန်း ဘယ်လိုလူလဲ၊ ဘာလဲ။ ဆက်လက်ရှုစားကြပါကုန်။

မာမီရှိန်းတွင် ရန်အောင်၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်တို့ ပါဝင်ထားပြီး ဒါရိုက်တာညီညီထွန်းလွင်က လက်စွမ်းပြထားသည်။

နိုင်ငံခြားဇာတ်ကားများ

မိုက်ကယ်ဂျက်ဆင် နောက်ဆုံးပါဝင်သရုပ်ဆောင်ထားသော **This is it** ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက်ပြသနေပြီး မင်းသားအက်ရှေးကူးမား၏၊ အာဘီရှက်ဘဂျန်း၊ မင်းသမီးချော ကရစ်မားကပူးရ်တို့ ပါဝင်ထားသော သုံးပွင့်ဆိုင်မေတ္တာဘွဲ့ ဇာတ်ကားဖြစ်သော **Haan Maine Bhi Pyaar Kiya** ဇာတ်ကားမှာ တန်းမြင့်မြို့မရုံတွင် ရုံဝင်လာသည်။

မြို့လယ်ဘုရင့်ရုံတွင် လူငယ်ကြိုက် အိန္ဒိယဇာတ်ကား **Mujhse Shaadi Karogi** ပြသနေသည်။ ရှေ့ဆောင်ရုံတွင် ဒါရိုက်တာကိုဇော် (အရာဇာဦး)၏ **သူငယ်ချင်း ယောက္ခမ** ဇာတ်ကားမှာ ပြသနေဆဲဖြစ်သည်။ သူငယ်ချင်းယောက္ခမကို နဝဒေး၊ မဟာမြိုင်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေရတနာရုံများတွင်လည်း ကြည့်ရှုနိုင်သည်။

မာမီရှိန်းဇာတ်ဝင်ခန်းမှ ရန်အောင်နှင့် နေတိုးတို့၏ အသွင်မတူသည့် အားပြိုင်သရုပ်ဆောင်ချက်။

ချစ်ကံပွင့်ဆဲ

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာဒေါန ရိုက်ကူးသည့် **ချစ်ကံပွင့်နှင့်မချောလေးဆယ်** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ ဝင်းသီရိ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အောင်သီရိ(မှော်ဘီ)နှင့် မင်္ဂလာဒုံရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဖြည့်စွက်ဖတ်ရှုပေးပါရန်

နိုဝင်ဘာ ၈ ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ(၁၅)၌ တိုး၏ တောင်ကိုရီးယားသမ္မတနိုင်ငံဆိုသည်မှာ ဆောင်းပါးတွင် (တောင်ကိုရီးယားမြို့တော်ကို ဆိုးလ်အစား ၂၀၃၀ခုနှစ်၌ ဂုန်ဂီကွန်ဂျူဒေသတွင် အသစ်တည်ဆောက်ရန် ၂၀၀၄ခုနှစ် ဩဂုတ်လက စီစဉ်ဆုံးဖြတ်သည်)ဟုပါရှိရာ "ယခုအခါ ထိုအစီအစဉ်ကို လက်ရှိအစိုးရက ပြန်လည်သုံးသပ်လျက်ရှိသည်" ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

စာတည်း။

● *ကျော်ဖုံးမှ*

ကော့ကရိတ်မြို့နယ်သည် ကရင်ပြည်နယ်၌ တည်ရှိပြီး ရာသီဥတု ကောင်းမွန်သဖြင့် သီးနှံစိုက်ပျိုးမှု ဖြစ်ထွန်း အောင်မြင်သော မြို့နယ်ဖြစ်သည်။ ကော့ကရိတ်မြို့နှင့် ကြာအင်းဆိပ်ကြီးမြို့ တို့သည် ယခင်က ဟောင်သရောမြို့နယ် အဖြစ် တည်ရှိခဲ့ပြီး ၁၉၀၁ခုနှစ်တွင် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့အဖြစ် ဖြစ်တည်လာခဲ့ကြသည်။ ပေ၃၇၀၀ မြင့်သော ဒေါနတောင်တန်းရှိ၍ ကုန်းမြင့်များ၊ တောင်စွယ်

"ကျောင်းသား ကျောင်းသူများကို မာလ်တီမီဒီယာအခန်းများ၌ တစ်ပတ်လျှင်တစ်ကြိမ် သင်ကြားပို့ချပေးလျက်ရှိကြောင်း" ဒေါ်နေသူး ကျောင်းအုပ်ဆရာမကြီး

ဘိုးဘွားရိပ်သာသို့ လှူဒါန်း

နိုဝင်ဘာ ၁၈ရက်က ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ၂(က) စံပြရပ်ကွက် စိတ္တသုခလမ်း အမှတ် ၁၅၄ နေ ခင်ပွန်း ရွှေပန်းထိမ်ဆရာကြီး ဦးမောင်ညိုအား ရည်စူး၍ နှစ်နှစ်ပြည့်အထိမ်းအမှတ် အဖြစ် ဇနီး သာသနာ့မိခင်ကြီး ဒေါ်လှကျင် (စိန်၊ ရွှေ၊ ရတနာဆိုင်) မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူး ညီညီ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နေအိမ်တိုက်တာ အဆောက်အအုံများ ခေတ်မီလှပသည်။ မြို့တွင်းလမ်းများမှာ ကတ္တရာလမ်းများဖြစ်သည်။ လမ်းဘေး ပေါင်များပေါ်တွင် ပန်းမျိုးစုံ စီခြယ်ပြီး ကျောက်တုံးလေးများ ရောင်စုံခြယ်မှုန်းကာ အသွင်သဏ္ဌာန်အမျိုးမျိုးဖော်၍ အနားသတ်ထားပုံကလည်း အမြင်ဆန်းလှသည်။ မြို့ အဝင်ဆိုင်းဘုတ်နှင့် လမ်းရှုခင်း အသွင်အပြင်ကလည်း အလှတွင်အယဉ်ဆင့်သလို လှပ တင့်တယ်နေသည်။ ကော့ကရိတ်မြို့လယ်ရှိ မြို့နယ်ခန်းမကြီးကိုလည်း ခံ့ညားထည်ဝါစွာ တွေ့ခဲ့ရသည်။

စိုက်ပျိုးရေး

ကော့ကရိတ်မြို့၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ ယခုနှစ်မိုးစပါး

ကရင်ပြည်နယ် ကော့ကရိတ်မြို့လယ်ရှိမြို့နယ်ခန်းမ အဆောက်အအုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

၁၁၀၀၇၉ ဧက လျာထားရာ သတ်မှတ်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ရော်ဘာကို စီးပွားဖြစ် အများအပြားစိုက်ပျိုးသည်။ ယခင်နှစ် စိုက်ဧက ၂၁၄၉၆ ဧကရှိပြီး ယခုနှစ် ဇူလိုင်လကုန်အထိ ၂၅၀၉၆ဧက ရှိလာပြီ ဖြစ်သည်။ မြေပဲ၊ ပြောင်းနှင့် ပဲမျိုးစုံကိုလည်း ကြားသီးနှံများအဖြစ် စိုက်ပျိုးကြသည်။

တိုးပွား

ခရိုင်ဆည်မြောင်းဦးစီးဌာနက နွေစပါး ရေရရှိရေးနှင့် မိုးစပါးအောင်ရေရရှိရေး အတွက် ရေနုတ်မြောင်းများ၊ ရေတံခါးများ တူးဖော်တည်ဆောက်ပေးခဲ့သဖြင့် အကျိုးပြု လယ်မြေဧကများ တိုးပွားလာသည်။

ဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ခရိုင်အဆင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားသည်။ မြို့၏တိုးပွားလာသော လူဦးရေနှင့်အညီ မူလရှိပြီး ဆေးရုံအပြင် ဆေးရုံသစ်တစ်ရုံ ထပ်မံတည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။ ကျန်းမာရေး စိတ်အေးရအောင် အထူးကုဆရာဝန်ကြီး ခြောက်ဦး

အပြင် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးနှင့် သူနာပြုများပါခန့်ထားရာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများ ပိုမိုရရှိလာပြီဖြစ်သည်။

ပညာရေး

ပညာရေးကဏ္ဍအနေဖြင့် အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ လေးကျောင်း၊ အလယ်တန်းကျောင်း ၁၁ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၇ကျောင်းနှင့် မူလတန်းကျောင်း ၁၄ကျောင်း ဖွင့်လှစ်ထားရှိသည်။ မူလတန်းပညာသင်ကြားမှုကို အခမဲ့သင်ကြားပို့ချပေးလျက်ရှိသည်။ ဆင်းရဲချို့တဲ့သော ကျောင်းသားများကိုလည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကူညီပေးလျက်ရှိသည်။

"ကျောင်းသား ကျောင်းသူများအား မာလ်တီမီဒီယာခန်းများ၌ တစ်ပတ်လျှင် တစ်ကြိမ် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ အောင်ချက်ရာနှုန်းမြင့်မားရေးအတွက် ဘာသာရပ်တိုင်း အခက်အခဲမရှိရအောင် ကျောင်းဆင်းပြီးတိုင်း နေ့စဉ် အချိန်ပို တစ်နာရီ ပို့ချပေးသည့်အပြင် ညစဉ် ၆ နာရီမှ ၉နာရီအထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း" ဖြင့် ရှင်းပြသည်။

လေ့လာခွင့်

သတင်းအဖွဲ့ အထက(၁) ကော့ကရိတ်သို့ရောက်ရှိစဉ် မာလ်တီမီဒီယာခန်း၌ နေ့စဉ်ထုတ်သတင်းစာများကို သင်တန်းခန်းရှိ ကွန်ပျူတာမှဖမ်းယူပြီး ပရင့်အောက်ထုတ်၍ ကျောင်းသား ကျောင်းသူများ ဖတ်ရှုနေသည်ကို တွေ့ရသဖြင့် ပြည်တွင်း ပြည်ပ သတင်းစုံလင်ကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုလေ့လာခွင့် ရရှိကြသည်။

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကော့ကရိတ်မြို့နယ် စာဖြေဌာနမှ ၁၁၈၂ဦး ဝင်ရောက်ဖြေဆိုရာ ၃၈၃ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။ အောင်ချက်ရာနှုန်းအနေဖြင့် ၃၂ ဒသမ ၄၀ ရှိခဲ့ကြောင်း သိရသည်။ ပညာရေးကဏ္ဍတွင် ထူးချွန်ကျောင်းသား ကျောင်းသူများလည်း ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အလမ်းများ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

သို့ဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းလာသည့်နောက်တွင် ဖွံ့ဖြိုး

တောင်တန်းများထူထပ်သော ဒေသဖြစ်သည်။

ထိစပ်နေ

ကော့ကရိတ်မြို့၏ အရှေ့ဘက်တွင် မြဝတီမြို့နယ်၊ အနောက်ဘက်တွင် ကျိုက်မရောမြို့နယ်၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြောက်ဘက်တွင် ဘားအံနှင့် လှိုင်းဘွဲမြို့နယ်များထိစပ် တည်ရှိသည်။ ကော့ကရိတ်ခရိုင်အတွင်းရှိ ဂျိုင်း(ကော့ကရိတ်)တံတားသည်လည်း ကရင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ကော့ကရိတ်မြို့သည် ခရိုင်အဆင့်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်နှင့် မြို့နှစ်မြို့ ပါဝင်သည်။ မြို့ပေါ်ရပ်ကွက် ၁၁ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာပေါင်း ၂၅၉ ရွာဖြင့် ဖွဲ့စည်းထားသည်။ မြို့အင်္ဂါရပ်များနှင့်အညီ လမ်း၊ ဈေး၊ ဆေးရုံ၊ စာသင်ကျောင်းကအစ အဆင့်မြင့်မားသော မြို့တစ်မြို့ဖြစ်သည်။

မြို့အဝင်ဆိုင်းဘုတ်နှင့် လမ်းရှုခင်း အသွင်အပြင်က အလှတွင် အယဉ်ဆင့်ကာ ဤသို့....။ (မြန်မာ့အလင်း)

မာလ်တီမီဒီယာခန်း၌ နေ့စဉ်ထုတ်သတင်းစာများကို ကွန်ပျူတာမှတစ်ဆင့် ဖမ်းယူပြီး ကျောင်းသား ကျောင်းသူများ ဤသို့ဖတ်ရှုကြသည်။ (မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်း

သတင်းအဖွဲ့သည် အထက(၁) ကော့ကရိတ်မှ ကျောင်းသား ကျောင်းသူများအား မာလ်တီမီဒီယာခန်းများ၌ သင်ကြားပြသမှုကို သိရှိလို၍ သွားရောက်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်နေသူးအား တွေ့ဆုံမေးမြန်းခဲ့ရာ-

တိုးတက်မှုလုပ်ငန်းများကို တိုင်းရင်းသားပြည်သူအားလုံး အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်လာခဲ့သဖြင့် ကော့ကရိတ်မြို့နယ်အတွက် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းလာလျက်ရှိကြောင်း သတင်းခရီးမြင်ကွင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို တိုင်းရင်းသားပြည်သူအားလုံး အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်လာခဲ့သဖြင့် ကော့ကရိတ်မြို့နယ်အတွက် အကျိုးရလဒ်ကောင်းများပိုမိုဖြစ်ထွန်းလာ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁၉

အထက(၅) အလုံ မြတ်ဆရာပူဇော်မည်

အလုံမြို့နယ် အထက(၅)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက မြတ်ဆရာပူဇော်ကန်တော့ပွဲကို လာမည့် ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၈၆၁၃၃၇၀နှင့် ၀၁-၂၁၀၆၉၄တို့သို့ ဆက်သွယ်နိုင်သည်။

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆဒ္ဒါန်လမ်း အောင်စေတီကျောင်းတိုက်တွင် နိုဝင်ဘာ ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

မြန်မာစာမိသားစု အာစရိယပူဇော်မည်

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကကြီးမှူး၍ အသက် ၇၀နှင့်အထက် မြန်မာစာဆရာ ဆရာမကြီးများအား နဝမအကြိမ်မြောက်ပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များမှော်ဘီ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်နှစ်အသီးသီးမှ မြန်မာစာ မိသားစုဝင်များ ကန်တော့ပွဲသို့ တက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၅၃၆၀၇၂နှင့် ၅၀၁၀၄၀ တို့သို့ ဆက်သွယ်နိုင်သည်။

မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲကို ဒီဇင်ဘာ ၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားသည်။

ရိုးမလှိုင်းမဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

ရိုးမလှိုင်း တောင်ကုတ်မဂ္ဂဇင်း အမှတ်(၅)အတွက် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများဖြင့် ရသစုံစုံလင်လင် ထုတ်ဝေမည်ဖြစ်ရာ စာမူများကို လာမည့်ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထားပြီး တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့လည်းကောင်း၊ ရိုးမလှိုင်းစာကြည့်တိုက် ဦးဥတ္တမလမ်း မော်တော်ဆိပ်အနီး တောင်ကုတ်မြို့သို့လည်းကောင်း ပေးပို့နိုင်ပြီး ဖုန်း-၀၉-၈၅၃၀၄၇၂၊ ၀၄၃-၆၀၅၅၉နှင့် ၆၀၀၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အိုင်တီနည်းပညာဟောပြောပွဲ ကျင်းပမည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ယူနေသောလူငယ်များ ပိုမိုနားလည်ကျွမ်းကျင်စေရန် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းကကြီးမှူး၍ ဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ အခန်း ၂၀၅၌ နိုဝင်ဘာ ၂၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။

မော်လမြိုင်ပညာရေးကောလိပ် အာစရိယပူဇော်ပွဲ

မော်လမြိုင်ပညာရေးကောလိပ် (ယခင် မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ)တွင် ၁၉၅၃-၁၉၅၄မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအားပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၅၇-၂၇၁၆၈နှင့် ၀၁- ၅၁၀၇၇၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အာစရိယပူဇော်ပွဲ

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းကကြီးမှူး၍ နီလာရတု အထိမ်းအမှတ် (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အခန်း ၁၀၌ ကျင်းပမည်ဖြစ်သည်။

သားသားမီးမီးတို့ဖြစ်တတ်သောရောဂါ စာအုပ်ဖြန့်ချိ

ကလေးသူငယ်များတွင်ဖြစ်တတ်သောရောဂါနှင့် အလေးထားရမည့် ရောဂါများအတွက် သတိပြုကာကွယ်နိုင်ရန်အတွက် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မျိုးဟန်ရေးသားသော သားသားမီးမီးတို့ဖြစ်တတ်သော ရောဂါများစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းတင်ပြသူ - ဝင်းကျော်

မာန်အောင်ကျွန်းပတ်လမ်းရှိ တံတားသစ်ဆောက်လုပ်မှု

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက မာန်အောင်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ရောက်ရှိပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

သောက်သုံးရေကန်

ထို့နောက် ကျောက်တန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျေးရွာများရှိ ကျေးရွာသောက်သုံးရေကန်များ တူးဖော်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးသည် ဆားချက်ကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဆားချက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျေးလက်ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ကျောင်းသုံးဗလာ စာအုပ်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

တံတားတည်ဆောက်မှု

ထို့နောက် မာန်အောင်ကျွန်းပတ်လမ်းရှိ ကအီချောင်းကူးတံတားသစ်ဆောက်လုပ်သည့် လုပ်ငန်းခွင်၌ တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီး

ယင်းနောက် တိုင်းမှူးသည် မိန်းမကြွယ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂျာနယ်၊ စာစောင်များပေးအပ်ကာ ကျူရွာ၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကျူရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ပုန်းညက်တောင် ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသုံးဗလာ စာအုပ်များကို ပေးအပ်သည်။

အလှူငွေပေးအပ်

ထို့နောက် ကမားစံပြ ကျေးရွာရှိ ပညာအလင်းရောင် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ဂျာနယ်၊ စာစောင်များနှင့် အလှူငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျေးရွာများ၌ ကျေးလက်သောက်သုံးရေရရှိရန် တူးဖော်ထားသော ကျေးရွာသောက်သုံး ရေကန်များ တူးဖော်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သစ်ပုံတိုက်နယ်ဆေးရုံသို့ ရောက်ရှိကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှုခံယူနေကြသူများအား အလှူငွေများကို ပေးအပ်သည်။

စပါးရိတ်သိမ်းခြွေလှေ့

ဆက်လက်၍ ဘဲအင်းကျေးရွာရှိ မိုးစပါးစံပြစိုက်ကွက်၌ ကျင်းပသော စပါးရိတ်သိမ်းခြွေလှေ့ပွဲနှင့်ဆောင်းသီးနှံစုပေါင်းထွန်ယက်ပွဲသို့ တက်ရောက် အားပေးသည်။

ထို့နောက် တိုင်းမှူးသည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် မာန်အောင်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ကျောင်းသုံးဗလာ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများနှင့် အလှူငွေများကို ပေးအပ်ကာ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူ လျက်ရှိသော လူနာများအား အလှူငွေများကိုပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်စည်ပင်သာယာဈေးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့၌ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံသည်။

လမ်းအဆင့်မြှင့်

ထို့နောက် တောင်ကုတ် -မအီကားလမ်းတစ်လျှောက် လမ်းအဆင့်မြှင့် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မအီမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

နှစ်(၂၀) မြောက်
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ
ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနား
၂၀၀၉ ခုနှစ် နိုဝင်ဘာလ(၂၀)ရက်
နေပြည်တော်

The Celebration of 20th Anniversary
of
Convention on the Rights of the Child
20th November, 2009
Nay Pyi Taw

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွမ်းခြံကုန်း-တွံတေး-တောကြီးတန်း အပိုင်းတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဂဟေဆော် ဆက်သွယ်ခင်းကျင်းနေမှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ

သဘာဝဓာတ်ငွေ့ပိုက် ခင်းကျင်းနေမှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာအနီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွမ်းခြံကုန်း-တွံတေး-တောကြီးတန်းအပိုင်း၌ သဘာဝဓာတ်ငွေ့ပိုက်များ ဂဟေဆော် ဆက်သွယ်ခင်းကျင်းနေမှု လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ပိုက်ဂဟေဆော်ဆက်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖိဖိစီးစီး

ထို့နောက် ဝန်ကြီးက လုပ်ငန်းပိုင်းအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ လက်ရှိကာလသည် စီမံကိန်းအချိန်မီပြီးစီးရေးအတွက် အင်နှင့်အားနှင့် ဖိဖိစီးစီး ဆောင်ရွက်ရသည့် ပွင့်လင်းရာသီဖြစ်သဖြင့် စက်အား၊ လူအား အပြည့်အဝ အလုပ်လုပ်ကြရန်၊ ဂဟေဆော်မှုကို စေ့စပ်သေချာစေရန်နှင့် X-Ray Test ဖြင့် စစ်ဆေးအတည်ပြုရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်းစည်ပင် ညွှန်ကြားရေးမှူး မြို့ပြရေပေးရေး ရေစက်ရုံများစစ်ဆေး

တောင်တွင်းကြီး နိုဝင်ဘာ ၁၉

တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရေပေးရေးလုပ်ငန်း၊ ရပ်ကွက်များအတွင်း ရေလုံလောက်စွာ ဖြန့်ဖြူးပေးဝေနိုင်ရေးအတွက် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် နိုဝင်ဘာ ၁၄ ရက်က ရေစက်ရုံများကို လိုက်လံစစ်ဆေး ကြည့်ရှုညွှန်ကြားပြီး တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အစီအစဉ်ဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနက ကြေညာလွှာနှင့် ကိုယ်တိုင်အခွန်စည်းကြပ်မှုစနစ် ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။

လက်ခံမည်မဟုတ်

ဟောပြောပွဲတက်ရောက်ရန်အတွက် နိုဝင်ဘာ ၂၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း ရန်ကုန်မြို့ အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

စာရင်းပေးသွင်းနိုင်

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

အမ်းမြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

အမ်းမြို့နယ်အသင်း (ရန်ကုန်)၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ရက်က သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် မေခ အိမ်ရာဝင်းအတွင်းရှိ အောင်ရာမြေ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ သဘာပတိ ဦးကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးအုန်းကျော်က အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ အသင်းအမှုဆောင် ဦးကြည်တင်က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြပြီး အသက်(၇၅)နှစ်ပြည့်ပြီးသော အမ်းမြို့နယ်သား အဘိုး၊ အဘွားများအားပူဇော်ကန်တော့ကြကာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဒေါက်တာဘွဲ့ရရှိသူ အသင်းဝင်တစ်ဦးနှင့် ၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ကြသည်။

စုပေါင်းလှူဒါန်း

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသိင်္ဂီ မိသားစုလှူဒါန်းသော အလှူငွေ ကျပ်တစ်သိန်းနှင့် အမ်းမြို့နယ်သူ မြို့နယ်သားများ စုပေါင်းလှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နောင်ယား(က)ရပ်ကွက် ကန္ဒာရဝတီလမ်း လမ်းဘေးဝဲယာ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ် စာပေ လူ့မိတ်ဆွေ

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးလွင်တို့ မြို့ပေါ် အမှတ်(၁)ရပ်ကွက်ရှိ ဥယျာဉ်(၂)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၉ခုနှစ် ဗီယက်နမ်-မြန်မာ နိုင်ငံတကာ ကုန်စည်ပြပွဲတွင် ပြခန်းအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီး H.E. Mr. Nguyen Thanh Bien က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ခန်းမအတွင်းရှိ စင်မြင့်ထက်၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းငှက်ကျေးရွာအနီး ဝေနမြစ်အတွင်း သေဆုံးခဲ့ကြသူများ၏ မိသားစုများအာ

နေပြည်တော် နိုဝင်ဘာ

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တေ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆေ ယမန်နေ့ နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် ရှမ်းငှက်ကျေးရွာအနီး ဝေနမြစ်အတွင်း ရေယာ

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ရှမ်းငှက်ကျေးရွာ၌ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ရေယာဉ်တိုက်မှုတွင် လူမှုရေးအသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် အသက်ကယ်ဆယ် ကူညီဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်စကား ပြောကြားကာ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက ရှမ်းငှက်ကျေးရွာနှင့် ချောင်းစောက်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်၁၀သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ

■ *ရှေ့ဖုံးမှ*

သံမဏိကြိုးတံတားကလည်း လမ်းလျှောက်ချင်စရာသစ်လွင်တောက်ပနေအောင် ဆေးများဖြင့် အလှဖော်ထားသည်။

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း မကြာမီက ဖွင့်လှစ်ခဲ့သည့် ကန်သုံးဆင့် ရေတံခွန်ဘက်သို့ လေ့လာရန် မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ အပေါ်ဘက်အမြင့်မှ မြင်တွေ့ကြည့်ရှုနိုင်သော အနေအထားဖြစ်ရာ ကန်သုံးဆင့်အတွင်း စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ ရေကူးနေကြသူများကို မြင်တွေ့ရသည်။ ကြည်လင်သန့်ရှင်းနေသော ရေကန်အတွင်း ရေကူးလိုသောဆန္ဒ တဖွားဖွားဖြစ်ပေါ်အောင် တည်ဆောက်ထားခြင်း ဖြစ်သည်။

ကန်သုံးဆင့် ရေတံခွန်သည် အလျားပေ ၁၇၀၊ အမြင့် ၂၂ ပေရှိပြီး ရေတံခွန်အောက်ခြေတွင် ၁၂ပေကျယ်သော ရေအောက်လျှောက်လမ်းတစ်လမ်းပါရှိကြောင်း တွေ့ရသည်။ ရေတံခွန်မှကျလာသော ရေများကို အလျား ၁၈ပေ၊ အနံ ၉၄ ပေရှိသည့်

နေပြည်တော်ရေပန်းဥယျာဉ်အတွင်း အပန်းဖြေရပ်နား အဆောက်အအုံလေးများအနက် အဆောက်အအုံတစ်ခုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရေကန်သုံးကန်ဖြင့် အဆင့်ဆင့်စီးဆင်းစေရန် ပြုလုပ်ထားပြီး ရေကန်တစ်ကန်နှင့်တစ်ကန် အကြားတွင် သုံးပေအကျယ် ကျောက်သား လူလျှောက်လမ်းများကိုလည်း ပြုလုပ်ပေးထားသည်။

အဆင့်ဆင့်

ရေကန်သုံးကန်ကို အနိမ့်အမြင့်ပြုလုပ်ထားသဖြင့် အမြင့်ဆုံးရေကန်မှ ရေများ အဆင့်ဆင့် စီးဆင်းလျက်ရှိသည်ကို စိတ်ဝင်စားစွာ မြင်တွေ့ရသည်။ အလယ်ရေကန်တွင် ကလေးများ ကစားနိုင်ရန် ဘတ်စကက်ဘောဘုတ်များ ထည့်သွင်းထားပြီး ကန်သုံးဆင့် ရေကန်ပတ်လည်၌ အပန်းဖြေ အနားယူနိုင်ရန် ထိုင်ခုံများ၊ မြက်ခင်းပြင်များဖြင့် ဖန်တီးထားသည်မှာ အပန်းဖြေ အနားယူချင်စဖွယ်ပင် ဖြစ်သည်။

နေပြည်တော်တွင် နေထိုင်သော ပြည်သူများ၊ ဝန်ထမ်းများနှင့် လာရောက် လေ့လာသူများအတွက် ရေပန်းဥယျာဉ်တွင် စိတ်လက်ပေါ့ပါး လန်းဆန်းစွာ အနားယူအပန်းဖြေနိုင်ရန် ပြည့်စုံစွာ စီစဉ်ပေးထားမှုများကို တွေ့ရသည်။

ကြည်နူးချမ်းမြေ့

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း အလျားပေ ၂၅၀၊ အမြင့်ပေ ၄၀ ရှိသည့် ရေတံခွန်လိုဏ်ဂူ၊ အကျယ်ခြောက်ဧကရှိ ရေဂါလန် ၁၅ သန်းဆံ့ ပင်မရေကန်ကြီးတစ်ကန်၊ ရေပန်းကြီးသုံးခုနှင့် ပင်ဂွင်ငှက် ငါးကောင်ပါ ကျွန်းတစ်ကျွန်းကိုလည်း လှပကြည်နူးဖွယ်ရာ မြင်တွေ့ရသည်။ လေထဲတွင် တဖွားဖွား လွင့်စဉ်ဖြာကျနေသော ရေပန်းကြီးများကလည်း မြင်တွေ့ရသူအပေါင်းကို ကြည်နူးချမ်းမြေ့မှု ဖြစ်စေသည်။

တစ်ဖန် ရေပန်းအလှမျိုးစုံ ၁၅ခု ပါဝင်သည့် ရေပန်းကန်ငယ် ၁၂ ခုကိုလည်း ပြုလုပ်ပေးထားသည်ဖြစ်ရာ ရေပန်းများ ဝေဆာနေမှု မြင်ကွင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ အပန်းဖြေ အနားယူသူများအတွက် အချိန်တိတိကျကျ လွယ်ကူစွာ သိရှိစေရန် အမြင့်ပေ ၃၀ ရှိသည့် လေးဖက်မြင် သံစုံမြည် နန်းမြင့်နာရီစင်ကလည်း ရေပန်းဥယျာဉ်အတွင်း ထင်ရှားစွာ မြင်တွေ့ရသည်။

အစီအရီ

ရေပန်းဥယျာဉ်အတွင်း မိသားစုအလိုက် လာရောက်အနားယူ အပန်းဖြေကြသည့်သူများအတွက် မိသားစုများ အနားယူအပန်းဖြေ နားနေဆောင်များကလည်း အစီအရီ ရှိနေသည်။ ရှုရပ်ပန်းဥယျာဉ်ငယ် နှစ်ခု၊ ကျောက်တုံးဥယျာဉ် တစ်ခုတို့ ပါရှိနေသဖြင့် မြင်ကွင်းအပြောင်းအလဲ ဆန်းသစ်မှုများကိုလည်း ကြည့်ရှုခံစားနိုင်လေသည်။

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း အသစ်ဖွင့်လှစ်လိုက်သည့် ကန်သုံးဆင့်ရေတံခွန်သည် ရေတံခွန်လိုဏ်ဂူအနီးတွင် တည်ရှိပြီး ရေတံခွန် လိုဏ်ဂူမှကြည့်လျှင် အပေါ်စီးမှ မြင်တွေ့ရသည်။ သဘာဝရေကန်များအတိုင်း တည်ဆောက်ထားသဖြင့် ရွှင်း သာယာလှပပြီး ရေကူး အပန်းဖြေသူများအတွက် သဘာဝအငွေ့အသက်ကို အပြည့်အဝ ခံစားနိုင်အောင် စနစ်တကျ ဖန်တီး တည်ဆောက်ထားခြင်း ဖြစ်သည်။

ကန်သုံးဆင့်ရေတံခွန်ရှိ ရေကန်များတွင် ရေကူးအပန်းဖြေလိုသူများအတွက် နေ့စဉ်တနင်္လာမှသောကြာနေ့များတွင် ညနေ ၅ နာရီခွဲမှ ည ၈နာရီအထိနှင့် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ အချိန်ပို တိုးချဲ့ဖွင့်လှစ်ပေးထားလျက်ရှိရာ အပန်းဖြေလိုသူများ စိတ်အေးချမ်းသာစွာ ရေကူးအပန်းဖြေနိုင်လေသည်။

ထို့ကြောင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော နေပြည်တော်တွင် ရေပန်းဥယျာဉ်အလှနှင့် ကန်သုံးဆင့် ရေတံခွန်တို့ဖြင့် ပန်ရလျက်ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)

သာယာလှပသော ကန်သုံးဆင့် ရေတံခွန်ကို ဤသို့ သာမောဖွယ် မြင်တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)

အနားယူ အပန်းဖြေနိုင်

နေပြည်တော်တွင်နေထိုင်သော ပြည်သူများ၊ ဝန်ထမ်းများနှင့် လာရောက်လေ့လာသူများအတွက် ရေပန်းဥယျာဉ်တွင် စိတ်လက်ပေါ့ပါးလန်းဆန်းစွာ အနားယူ အပန်းဖြေနိုင်ရန် ပြည့်စုံစွာ စီစဉ်ပေးထား။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၀	၇။	**အကပြိုင်ပွဲ**
၈း၂၀	၈။	ပေါက်တံတားရေပြာနှင့် ပေါက်တံတားအုန်းတော
၈း၃၀	၉။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	**စီးဆင်းပါစေ မေတ္တာရည်**

ညပိုင်း

၄း၀၀	၁။	အဆိုပြိုင်ပွဲ
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အတီးပြိုင်ပွဲ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၅	၇။	**လူကူးမျဉ်းကျားမှကူးမယ်**
၅း၀၅	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၅	၉။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၁၀။	နှောင်းခေတ်တေးပဒေသာ
၅း၃၅	၁၁။	**ပဉ္စလက်ကျောင်းတော်**
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	**သုတစုံလင်ရွှေဉာဏ်ရှင်**
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၁၄)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၆)
	၂၀။	**သီချင်းချစ်သူ** (မျိုးကျော့မြိုင်)

မြောက်

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းတွ

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်း

ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်း

မန္တလေးတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထ

နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂ

ချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထ

တွင် ၀ ဒသမ ၅၉လက်မ၊ ဟသ်ာတမြို့တွင် ၀ဒ

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ

နိုဝင်ဘာ ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ

တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမ

တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိ

...ျေးရွာအနီး ဝေနံမြစ်အတွင်း ရေယာဉ်တိုက်မိ နစ်မြုပ်၍ ...ကြသူများ၏ မိသားစုများအား ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

...ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ လူမှုဝန်ထမ်း၊ ...နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ...ကြီးထောင့်မြို့နယ် ရှမ်းငူကျေးရွာအနီး ဝေနံမြစ်အတွင်း ရေယာဉ်နစ်စင်းတိုက်မိခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

...ဖြည့်ဆည်းဆောင်ရွက်

...် ဝန်ကြီးများသည် ရှမ်းငူကျေးရွာ၌ တာဝန်ရှိသူများ၊ ...ဒေသခံပြည်သူများအားတွေ့ဆုံ၍ ရေယာဉ်တိုက်မှု ...ပြည့်ဝစွာဖြင့် အသက်ကယ်ဆယ် ကူညီဆောင်ရွက် ...ူးတင်စကား ပြောကြားကာ ကျေးရွာ၏ လူမှုရေး၊ ...ပန်းဆက်သွယ်ရေးလုပ်ငန်းများ လိုအပ်ချက်များကို ...ျက်ပေးသည်။

...ူးက ရှမ်းငူကျေးရွာနှင့် ချောင်းစောက်ကျေးရွာ ... ငွေကျပ်၁၀သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ရှမ်းငူကျေးရွာနှင့် ချောင်းစောက်ကျေးရွာအတွက် စီဒီအမ်အေဖုန်းနှစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ရေယာဉ်တိုက်မိနစ်မြုပ်၍ သေဆုံးခဲ့ကြသူများ၏ မိသားစုများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အလှူငွေကျပ် ၁၀သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ရေနစ်သေဆုံးသူ မိသားစုများအတွက် ငွေကျပ် ၄၄၅၀၀၀၀ နှင့် ရေယာဉ်တိုက်မှုတွင် ကူညီကယ်ဆယ်ခဲ့ကြသော ကြက်ခြေနီ၊ မီးသတ်နှင့် ရေငုပ်အဖွဲ့ဝင်များအား ချီးမြှင့်ငွေကျပ် ၁၀သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပျက်စီးသွားသော ရေယာဉ်အတွက် ငွေကျပ် လေးသိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ကယ်ဆယ်ရေးပစ္စည်းပုံး ၅၀၊ ရွှေယမုံကုမ္ပဏီက ငွေကျပ် သိန်း၅၀၊ ရေယာဉ်အသင်းက ငွေကျပ် ၁၀သိန်း၊ နေမျိုးထွန်းကြီးရေယာဉ်က ငွေကျပ် ၁၀သိန်း၊ ရုပ်ပြေးရေယာဉ်ပိုင်ရှင် ဦးအောင်မြင့်က ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာန၊ ဧရာဝတီတိုင်း လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးနှင့် နေ့ကလေးထိန်းကျောင်းဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူးရုံးနှင့် မီးသတ်စခန်းမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၀	၇။	**အကပြိုင်ပွဲ**
၈း၂၀	၈။	ပေါက်တံတားရေပြာနှင့် ပေါက်တံတားအုန်းတော
၈း၃၀	၉။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	**စီးဆင်းပါစေ မေတ္တာရည်**

ညပိုင်း

၄း၀၀	၁။	အဆိုပြိုင်ပွဲ
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အတီးပြိုင်ပွဲ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၅	၇။	**လူကူးမျဉ်းကျားမှကူးမယ်**
၅း၀၅	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၅	၉။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၁၀။	နှောင်းခေတ်တေးပဒေသာ
၅း၃၅	၁၁။	**ပဉ္စလက်ကျောင်းတော်**
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	**သုတစုံလင်ရွှေဉာဏ်ရှင်**
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်**(အပိုင်း-၁၄)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၆)
	၂၀။	**သီချင်းချစ်သူ** (မျိုးကျော့မြိုင်)

ရွှေဘိုဒေသကောလိပ်နှင့်ရွှေဘိုကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ယခင် ရွှေဘိုဒေသ ကောလိပ်နှင့် ရွှေဘိုကောလိပ်တို့တွင် ၁၉၇၇ခုနှစ်မှ ၁၉၈၃ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် ရွှေဘိုမြို့ ရွှေဘိုဒေသ ကောလိပ်အဟောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသေးစိတ် သိလိုပါက ပါမောက္ခဒေါ်တင်တင်အေး ဖုန်း-၀၉-၂၁-၀၀၁၇၇၊ ဦးမြဝင်းအောင် ဖုန်း-၀၉-၂၁-၀၀၀၅၈နှင့် ၀၇၅-၂၁၀၅၀၊ ဦးချစ်ကိုကို ဖုန်း-၀၉-၂၁-၀၀၁၄၃ တို့သို့ ဆက်သွယ်နိုင်ကြသည်။

လှူဒါန်းလိုပါကလည်း ဦးတင်မြင့် ဖုန်း-၀၉-၂၁-၀၀၈၃၁၊ ဦးတင်မောင်ကြည် ဖုန်း-၀၉-၂၁-၀၀၀၅၃၊ ဦးစိုးဇော်(ခ)သံဒုတ် ဖုန်း-၀၉-၂၁-၀၀၇၆၄၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၂၁-၀၀၃၁၁၊ ဒေါ်နီနီခင် ဖုန်း-၀၉-၂၁-၃၀၂၈၄၊ ဦးသိန်းဝင်း-ဒေါ်ခင်မာကြည် (ကျောက်မြောင်း) ဖုန်း-၀၉-၂၄-၅၀၄၀၉၊ ဦးဇော်ဝင်း(ရွှေဦး) ဖုန်း-၀၂-၇၀၅၄၆၊ ဦးတင်မြင့် ဖုန်း-၀၆၇-၄၁၄၂၇၂၊ ဒေါက်တာထွန်းထွန်းဦး (မန္တလေး) ဖုန်း-၀၉-၅၁-၅၃၀၅၀၊ ဒေါက်တာသောင်းလင်း(မန္တလေး) ဖုန်း-၀၂-၇၁၈၆၁၊ ဒေါ်မိုးမိုးဝင်း ဖုန်း-၀၂-၂၅၃၀၉၊ ဒေါ်လင်းလင်းဝေ (မန္တလေး) ဖုန်း-၀၂-၆၆၈၁၇၊ ဦးမျိုးမြင့်သိန်း ဖုန်း-၀၉-၂၀-၂၄၄၈၅၊ ဦးဝင်းဇော်(ခ)ဦးဇော်ဝင်း ဖုန်း-၀၉-၅၁-၈၃၃၅၃၊ ဒေါက်တာကျော်ကျော် (လားရှိုး) ဖုန်း-၀၈၂-၂၂၄၀၂ နှင့် ၀၉-၅၂-၆၀၆၂၇၊ ဒေါက်တာမြင့်သောင်း (မိုးကုတ်) ဖုန်း-၀၈၆-၂၀၂၇၉၊ ဦးဝင်းမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၂-၀၀၁၀၆၊ ဦးကျော်မင်း(ရန်ကုန်) ဖုန်း-၀၉-၅၃-၁၁၆၈၇၊ ဦးစောဝင်းသောင်-ဒေါ်မြင့်မြင့်ဝင်း (ရန်ကုန်) ဖုန်း-၀၁-၆၈၁၄၁၂၊ ဦးမြင့် (ကောလင်း) ဖုန်း-၀၇၅-၄၂၄၉၅၊ ဦးတိုးတိုးမြင့် ဖုန်း-၀၉-၂၀-၂၂၉၄၉၊ ဦးကျော်မင်းစိန် ဖုန်း-၀၂-၈၈၀၄၈နှင့် ဒေါ်ချင်ကြည်(ကသာ) ဖုန်း-၀၇၅-၂၅၁၄၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မန္တလေးတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၈ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၀ ဒသမ ၅၉လက်မ၊ ဟသ်ာတမြို့တွင် ၀ဒသမ ၄၇လက်မ၊ ကော့သောင်းမြို့တွင် ၀ဒသမ ၃၉လက်မနှင့် ဟားခါးမြို့တွင် ၀ဒသမ ၂၃လက်မတို့ ဖြစ်ကြသည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁၀ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နိုဝင်ဘာ ၂၀ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရှေ့ဖုံးမှ

အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် တိုးချဲ့ ဖောက်လုပ်ပေးလျက်ရှိသည်။

လုပ်ငန်းခွင်

မြန်မာ့အလင်းသတင်းခရီးသည်များသည် မကြာမီက ပဲခူးတိုင်း (အနောက်ပိုင်း)သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာ ပြည်-ပေါက်ခေါင်း-တောင်ငူ ရထားလမ်း ဖောက်လုပ်နေသော လုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့သည်။ သတင်းအဖွဲ့သည် ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၏ စီစဉ်ပေးမှုဖြင့် အဆိုပါမီးရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက် လေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြည်- ပေါက်ခေါင်း-တောင်ငူမီးရထားလမ်း လမ်းအူကြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကိုပေါက်ခေါင်းမြို့အနီး ပြည်-ပေါက်ခေါင်း ကားလမ်းဘေး တစ်နေရာ ဖြစ်သော တောင်ကုန်းကျသည့် အပိုင်းကို မြန်မာရွှေသရဖူကုမ္ပဏီက စတင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

“ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဒီရထားလမ်း ဖောက်လုပ်ရေးမှာ လူနှင့်စက်အင်အားအပြည့်နဲ့ လုပ်ကိုင်နေပါတယ်”

ဦးနေလင်းအောင်
အင်ဂျင်နီယာ

ရှင်းပြ

မြန်မာရွှေသရဖူကုမ္ပဏီမှ မန်နေဂျာ ဦးအောင်မင်းက အဆိုပါ ရထားလမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ဤသို့ ရှင်းပြသည်။

“ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဒီရထားလမ်းဖောက်လုပ်ရေးမှာ လမ်းအူကြောင်း ဖောက်လုပ်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ စပြီး ဆောင်ရွက်နေတာပါ။ တောင်နဝင်း ရေလှောင်တမံ တူးမြောင်းမှ ပေါက်ခေါင်းဘူတာအထိ ဖောက်လုပ်တာဖြစ်ပါတယ်။ အကွာအဝေး ၃မိုင်ခွဲလောက်ရှိပါမယ်” ဟု မန်နေဂျာ ဦးအောင်မင်းက ရှင်းပြသည်။

တစ်ဖန် ယင်းကုမ္ပဏီမှ ရထားလမ်းဖောက်လုပ်ရေး အင်ဂျင်နီယာ ကိုနေလင်းအောင်က “ကျွန်တော်တို့ ဒီရထားလမ်း ဖောက်လုပ်ရေးမှာ ကျွမ်းကျင်ဝန်ထမ်း ၆၀နဲ့ ဆောင်ရွက်နေပါတယ်။ ယန္တရားများကိုတော့ မြေသယ်ကား ၁၀စီး၊ ဘက်ဟိုး ငါးစီးနဲ့ ဒိုဇာ နှစ်စီးဖြင့် လုပ်ကိုင်နေပါတယ်။ လောလောဆယ် တောင်ကုန်းကျသော အပိုင်းကို မြေကြီးလုပ်ငန်း စတင်လုပ်ကိုင်နေတာ ဖြစ်ပါတယ်” ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ကျွန်တော်တို့ မြန်မာရွှေသရဖူကုမ္ပဏီက ဒီရထားလမ်းအတွက် ၃မိုင်ခွဲ တာဝန်ယူ ဖောက်လုပ်နေပါတယ်”

ဦးအောင်မင်း
မန်နေဂျာ
မြန်မာရွှေသရဖူကုမ္ပဏီ

အဆိုပါ ပြည်- ပေါက်ခေါင်း-တောင်ငူ မီးရထားလမ်းမှာ ပြည်မြို့ ရွှေတံခါးကျေးရွာမှစတင်ပြီး တောင်ငူမြို့နယ် ကျေးတောရွာတွင် ဆုံးမည် ဖြစ်ကြောင်း၊ အရှည်မိုင် ၁၀၀ကျော်ရှိနိုင်ကြောင်း သိရသည်။ ယင်းမီးရထားလမ်းကို မြန်မာရွှေသရဖူကုမ္ပဏီအပြင် အခြားသော ကုမ္ပဏီများကလည်း အပိုင်းလိုက် တာဝန်ယူ ဖောက်လုပ်လျက်ရှိကြသည်။

အထောက်အကူပြု

ဤသို့ ပြည်- ပေါက်ခေါင်း-တောင်ငူမီးရထားလမ်းကြီး အောင်မြင်စွာ ဖောက်လုပ်ပြီးစီးသွားပါက ဒေသတွင်းရှိပြည်သူများ သွားလာမှု ပိုမိုလွယ်ကူ ချောမွေ့လာမည်ဖြစ်၍ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေမည် ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ သွားလာမှု လွယ်ကူလာမည်ဖြစ်၍ ကျေးလက်ဖွံ့ဖြိုးရေးကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြည်-ပေါက်ခေါင်း-တောင်ငူ မီးရထားလမ်းအူကြောင်းဖောက်လုပ်ထားမှုကို ပေါက်ခေါင်းမြို့အနီး၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို၏ ဦးဆောင်မှု၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့ အခမ်းအနားနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများနှင့် ကျောင်းအုပ် ဆရာကြီးများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက စန္ဒိမာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ရဲမှူးကြီး ခင်မောင်ထွန်း (ငြိမ်း) (ခင်မောင်ထွန်း-လမ်းမတော်) က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းက အမှာစကားပြောကြားသည်။ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်- မရမ်းကုန်း) က အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

စာဆိုတော်နေ့အခမ်းအနား

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအေးကို (မောင်အေးကို-ယမုံနာ)က ဖတ်ကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး မြေလတ် ထင်ကျော်မိုးက မြန်မာကဗျာစာတမ်း၊ဥက္ကဋ္ဌ မောင်ကျေးဇူးက မြန်မာစာပေ၏ ကျေးဇူးအကြောင်း ဟောပြောကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများနှင့် ကျောင်းအုပ်ဆရာကြီးများကို သက်ဆိုင်သူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။ (၁၁၁)

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းလမ်းကြောင်း

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် နိုဝင်ဘာ ၁၅ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွင်းရှိ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းနှင့် Meeting Station တည်ဆောက်မည့် လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ညှိနှိုင်းဆွေးနွေး

ထို့နောက် ရွှေလီမြစ်အားဖြတ်၍ ပိုက်လိုင်းသွယ်တန်းရန်အတွက် ရေအောက်မြေနမူနာစမ်းသပ်နေမှုများကို စက်ရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး နမ့်ခမ်းမြို့နယ် အစည်းအဝေးခန်းမ၌ မူဆယ်ခရိုင်နှင့် မြို့နယ်တာဝန် ရှိသူများ၊ CNPC ၊ CPPE နှင့် CPE (SW) ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပိုက်လိုင်းစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာနှင့် အချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲမြို့နယ်အထက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ပြည့်နှင့်အထက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

တပည့်ဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြရန်၊ ဆရာ ဆရာမကြီးများအနေဖြင့်လည်း မပျက်မကွက် ကြွရောက် ကန်တော့ခံကြပါရန်နှင့် အလှူငွေများကို ပုလဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဖုန်း-၀၇၁-၃၅၀၁၈၊ ဦးခင်အောင် ဖုန်း- ၀၇၁-၃၅၁၄၆၊ ဦးကျော်ဆွေ ဖုန်း-၀၇၁-၃၅၀၅၃နှင့် ဦးကြည်ဆွေ ဖုန်း-၀၇၁-၃၅၁၇၉တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နောက်ဆုံးရ ကမ္ဘာ့ဖလားခြေစစ်ပွဲ သတင်းအတိုအထွာ

မြင့်မောင်စိုး - စုစည်းရေးသားသည်

- ***ဥရုဂွေးက ကော်စတာရီကာကို နှစ်ပွဲပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်သွားပြီဖြစ်သည်။***
- *ပြင်သစ်က အိုင်ယာလန်ကို နှစ်ပွဲပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ၂၀၁၀ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်သွားပြီဖြစ်သည်။*
- ***ပေါ်တူဂီက ဘော့စနီးယားကို နှစ်ပွဲပေါင်း နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ခဲ့သည်။***
- *ရုရှားနှင့်ဆလိုဗေးနီးယားတို့ ၂၀၁၀ကမ္ဘာ့ဖလား ရှုံးထွက်ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ရုရှားက ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ သို့သော် ဆလိုဗေးနီးယားက ရုရှားကို ဒုတိယအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဆလိုဗေးနီးယားက အဝေးဂိုးသွင်းယူနိုင်ခဲ့၍ ခြေစစ်ပွဲအောင်ခဲ့သည်။*

ပေါ်တူဂီကစားသမားများ ဘော့စနီးယားကို အနိုင်ရပြီး ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ခဲ့သဖြင့် ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်)

- ***ဂရိက ယူကရိန်းအသင်းနှင့် ၂၀၁၀ ကမ္ဘာ့ဖလား ရှုံးထွက် ဒုတိယအကျော့ ခြေစစ်ပွဲကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ခြေစစ်ပွဲအောင်ခဲ့သည်။***
- *အယ်ဂျီးရီးယားက အီဂျစ်ကို ယာရီယာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ခဲ့သည်။ အယ်ဂျီးရီးယားအသင်းသည် ၂၄နှစ်ကာလအတွင်း ပထမဆုံးခြေစစ်ပွဲ အောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းအသင်းသည် အာဖရိကမှ ခြောက်သင်းမြောက် ခြေစစ်ပွဲအောင်အသင်းဖြစ်သည်။ အာဖရိကခြေစစ်ပွဲအောင်အသင်းများတွင် ဂါနာ၊ အိုင်ဗရီကို့စ်၊ ကင်မရွန်း၊ နိုင်ဂျီးရီးယားနှင့် အိမ်ရှင်တောင်အာဖရိကတို့ ပါဝင်ကြသည်။* **(အင်တာနက်)**

MONYWA OPEN Golf Championship

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့ကကြီးမှူး၍ Future Engineering Group မှအဓိက ကူညီပံ့ပိုးသော **MONYWA OPEN Golf Championship** ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၉ရက် နံနက်က စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ် (၁) တီခုံ၌ နေရာယူကြပြီး Future Engineering Group ဥက္ကဋ္ဌ ဦးခင်မောင်ဟန် **(အပေါ်ပုံ)** မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ Pacific Asia Hi-Tech မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ထွန်းထွန်းအောင်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီးနောက် ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon)က ရိုက်ချက် ၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး မင်းနိုင် (Srixon)က ရိုက်ချက် ၇၁ချက်ဖြင့် ဒုတိယ၊ ဇော်ဇင်ဝင်း (Srixon)၊ သန့်ဇင် (Srixon)၊ ထိန်ဝင်း ကျောက်စိမ်းနဂါးတို့က ရိုက်ချက် ၇၂ချက်စီဖြင့် တတိယ လိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နိုင်ရဲလင်းက ရိုက်ချက် ၆၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်း (မြန်မာ့လက်ရွေးစင်)က ရိုက်ချက် ၇၂ချက်ဖြင့် ဒုတိယ၊ သူရကျော်က ရိုက်ချက် ၇၂ ချက်ဖြင့် တတိယလိုက်နေကြသည်။

ထပ်မံပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Future Engineering Group က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Htoo Group of Companies, International Beverages Trading Co., Ltd (IBTC), Pacific Asia Hi-Tech, အောင်သမာဓိရွှေဆိုင် HAN Golf Masters Pte., Ltd., နှင့် မုံရွာဂေါက် ကလပ်တို့က ထပ်မံပံ့ပိုး ကူညီကြသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

မန္တလေးဆေးတက္ကသိုလ် ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၉

ဆေးတက္ကသိုလ်(မန္တလေး)၌ ၁၉၈၃ ဖေဖော်ဝါရီလမှ ၁၉၈၈ ဖေဖော်ဝါရီလအတွင်း ဆေးပညာအတူသင်ကြားခဲ့ကြသော (၂/၁၉၈၃) 2nd M.B.B.S ဆေးတက္ကသိုလ် မန္တလေးဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ နှစ် ၂၀ကျော် ခွဲခွာခြင်းအထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၅ရက် (သောကြာနေ့) နံနက် ၉နာရီမှ ၁၂ နာရီအထိ မန္တလေးဆေးတက္ကသိုလ် ပင်မဆောင်၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါက်တာလွှမ်းမိုး ဖုန်း-၀၉-၂၀-၀၁၁၇၃၊ ဒေါက်တာအေးအေးချစ် ဖုန်း-၀၉-၆၉-၇၁၂၅၈၊ ဒေါက်တာအေးအေးလွင် ဖုန်း-၀၉-၂၀-၁၉၃၆၀၊ ဒေါက်တာကျော်စိုးရှိန် ဖုန်း-၀၉-၂၀-၀၁၃၈၉၊ ဒေါက်တာ ဇော်မင်းဦး ဖုန်း-၀၉-၅၃-၀၁၂၉၉၊ ဒေါက်တာနေမျိုးဦး ဖုန်း-၀၉-၂၀-၁၀၇၉၅နှင့် ဒေါက်တာနုနုရီ ဖုန်း-၀၉-၅၁-၁၃၇၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ကဏန်းလုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအသင်း ငါးသင်းတို့မှ အသင်းဝင်များအနေဖြင့် ဖိတ်ကြားစာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်၌ ကျင်းပ

ရပ်စောက် နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့တွင် (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားနှင့် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက ရသဝတီခန်းမ၌ ကျင်းပသည်။ အခမ်းအနားကို အထက ရပ်စောက် ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သံပြိုင်သီဆို ဖွင့်လှစ်ပေးသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းက ဖတ်ကြားပြီး (၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖိနပ်အရောင်းဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မင်္ဂလာရှိသော အခမ်းအနားများတွင် အမြတ်တနိုးအသုံးပြုကြသော မင်္ဂလာပန်း Lily ကဲ့သို့ ကျက်သရေမင်္ဂလာ ပြည့်စုံစေလိုခြင်း၊ လှပတင့်တယ်တန်ဖိုးရှိစေလိုခြင်းတို့အတွက် ရည်ရွယ်လျက် မြန်မာအမျိုးသမီးများအတွက် Lily Shoes Collection အမှတ်တံဆိပ် ဖိနပ်များကို Waide footwear က ကိုယ်ပိုင် Idea၊ ကိုယ်ပိုင် Design၊ အကောင်းဆုံး Quality များဖြင့် ကိုယ်ပိုင် Brand အဖြစ်ဖြင့် ထိုင်းနိုင်ငံမှ တင်သွင်းဖြန့်ချိလျက်ရှိသည်။

ထုတ်လုပ်ထား

မြန်မာအမျိုးသမီး အရွယ်စုံအတွက် နေ့စဉ်သုံး ဖိနပ်မှသည် ပွဲတက်အခမ်းအနားသုံး ဖိနပ်များအထိ ခေတ်မီ Design အမျိုးမျိုးကို ကိုရီးယားသမ္မတနိုင်ငံမှ အရည်အသွေးမြင့် ကုန်ကြမ်းများ တင်သွင်းပြီး ထိုင်းနိုင်ငံတွင် ကိုယ်ပိုင်အမှတ်တံဆိပ် "Lily Shoes Collection" ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

အမျိုးသမီးများအတွက် သီးသန့်ဖြစ်ပြီး ကလေးငယ်နှင့် ဆယ်ကျော်သက်များမှသည် ငယ်၊ ရွယ်၊ လတ် အမျိုးသမီးများအတွက် ပေးရသည့် တန်ဖိုးထက်သာလွန်သော စိတ်ကျေနပ်မှု၊ လှပတင့်တယ် ကျက်သရေရှိမှု၊ နှစ်သက်ဖွယ် အရောင်စုံ Design များ ရရှိစေမှုကို ဖြစ်စေရန် စေတနာအပြည့်ဖြင့် ထုတ်လုပ်တင်သွင်း ဖြန့်ချိလျက်ရှိသည်။

လှူဒါန်း

နိုဝင်ဘာ ၁၇ရက်က Lily Shoes Collection ဖိနပ် အရောင်းဆိုင်သစ်ဖွင့်ပွဲကို အမှတ် (၂၃) လှည်းတန်းလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ **(အောက်ဝဲပုံ)** ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆရာကြီးပါရဂူ၏ ရှန်တိနိကေတန် စာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသိန်း၊ ပုဂ္ဂလိက စာနယ်ဇင်းသမားများအတွက် နာမကျန်းရန်ပုံငွေကျပ် နှစ်သိန်း၊ စာဆိုတော်နေ့ သက်ကြီးစာပေပူဇော်ပွဲအတွက် အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတုံ့ပြန်

Lily Shoes Collection ဖိနပ်အရောင်းဆိုင်သစ်ဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသည့် ဖိနပ်ချစ်သူများအတွက် ဖွင့်ပွဲ အမှတ်တရအဖြစ် နိုင်ငံခြားဖြစ် Lily Shoes တစ်ရန် ဝယ်ယူသူတိုင်းအား ချက်ချင်းဖောက် ချက်ချင်းပေါက် (ဗလာမပါ) ကံစမ်းမဲ၊ ဖိနပ်တစ်ရန်တိုင်းအတွက် ၁၅ရာခိုင်နှုန်းလျှော့ဈေး ကျေးဇူးတုံ့ပြန်ပြီး နိုဝင်ဘာ ၁၆ရက်မှ ၃၀ရက်အထိ အထူးဈေးရောင်းပွဲတော်အဖြစ် ၁၅ရာခိုင်နှုန်း လျှော့ဈေးဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

20-11 (10).pmd 1 11/20/2009, 1:04 PM

နည်းနည်းလေးမှ များများရ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ဇော်

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၁၉

More From Less တဲ့၊ နည်းနည်းလေးကနေ များများပြန်ရတာ သုံးနိုင်တာလို့ဆိုရမည်။ သူငယ်ချင်းတစ်ယောက်ယူလာသည့် ကုန်ပစ္စည်းလက်ကမ်းကြော်ငြာလေးမှ ဆောင်ပုဒ်ဖြစ်ပါသည်။ AFT အဆင့်မြင့် မီးသတ်ပစ္စည်းတွေအကြောင်း OK Myanmar Co., Ltd. က ဖြန့်ဝေသည့် လက်ကမ်းကြော်ငြာလေးဖြစ်ပါသည်။ စူးစမ်းချင်သည့်သဘောဖြင့် ဖတ်ကြည့်တော့ စိတ်ဝင်စားစရာကောင်းသည်။ ဒီတော့မှ More From Less ဆိုသည့်ဆောင်ပုဒ်ကို သဘောပေါက်တော့သည်။ အဓိပ္ပာယ်က AFT အဆင့်မြင့် မီးသတ်ကိရိယာများသည် အဆင့်မြင့်နည်းပညာကိုသုံးပြီး တီထွင်ထုတ်လုပ်ထားသည့် ပစ္စည်းများဖြစ်သည့်အတွက် ရေနည်းနည်းအသုံးပြုပြီး မီးလောင်မှုကြီးများကို ငြိမ်းသတ်နိုင်သည်တဲ့။ ဒီလိုသုံးနိုင်တာကလည်း ရေမှုန်ရေမွှားနည်းပညာ (Water Mist Technology) ကို သုံးထားလို့ ငြိမ်းနိုင်တာပါတဲ့။ စိတ်ဝင်စားဖို့ ကောင်းသည်။ ကျွန်တော်တို့နိုင်ငံက အပူပိုင်းဇုန်အတွင်းမှာရှိပြီး ပူပြင်းခြောက်သွေ့သည့် ရာသီဥတု ရှိသည်။ နွေရောက်လာသည်နှင့် မီးဘေးအန္တရာယ်ကို ရှောင်လွှဲလို့မရ။ ဒီနှစ်ဆိုရင် မိုးတွင်းမှာတောင် မီးအကြီးအကျယ်လောင်ခဲ့တဲ့ ဖြစ်စဉ်များရှိသည်။

မီးဘေးအန္တရာယ် ကာကွယ်ရာမှာ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ထိထိရောက်ရောက် ကြပ်ကြပ်မတ်မတ် လုပ်ဖို့လိုသလို မီးလောင်မှုဖြစ်လာရင်လည်း အမြန်ဆုံး ငြိမ်းသတ်နိုင်ဖို့ လိုသည်။ ဒီလိုငြိမ်းသတ်နိုင်ဖို့ကလည်း အစွမ်းထက်သည့် မီးသတ်ကိရိယာများသုံးဖို့လိုသည်။ AFT လို နည်းပညာသုံး မီးသတ်ပစ္စည်းကိရိယာများ ကျွန်တော်တို့ဆီမှာ ရှိနေတာ၊ သုံးနေတာ မသိခဲ့။ ကျွန်တော်တို့လိုပင် မသိသူတွေ အများကြီးရှိနိုင်သည်။ ဒီလို ကျွန်တော်တို့အားလုံးကို အကျိုးပြုနိုင်တဲ့၊ အန္တရာယ်ကို ကာကွယ်တားဆီးပေးနိုင်တဲ့ အဆင့်မြင့် မီးသတ်ပစ္စည်းများအကြောင်းကို ကျွန်တော်လို သတင်းသမားတစ်ဦးအနေနှင့် ပြည်သူလူထုကို သတင်းပေးလိုသည်။ ထို့ကြောင့် OK Myanmar Co., Ltd. နှင့် ဆက်သွယ်ပြီး AFT မီးသတ်ပစ္စည်းများအကြောင်းကို မေးမြန်းခဲ့သည်။

AFT ဆိုတာ ဘာကိုပြောတာလဲလို့ စကားစလိုက်တော့ ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင်ဦးဇော်ဝိတ်က "AFT ဆိုတာ Advance Fire Fighting Technology ကို အတိုကောက်ခေါ်တာပါ။ အဆင့်မြင့် နည်းပညာသုံးမီးသတ်ပစ္စည်း ဆိုပါစို့။ ဂျာမနီနိုင်ငံက ထုတ်လုပ်တာပါ။ ၁၉၉၅ ခုနှစ်လောက်ကစပြီး ဂျာမနီနဲ့ ရုရှား သိပ္ပံပညာရှင်တွေက သုတေသနပြု စမ်းသပ်ခဲ့ကြပြီး ၂၀၀၀ ပြည့်နှစ်လောက်မှ ဈေးကွက်ထဲကို စပြီးဖြန့်ဖြူးခဲ့တာပါ။ ခုဆိုရင် နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ် လက်ခံသုံးစွဲနေတဲ့ပစ္စည်း ဖြစ်နေပါပြီ။ နောက်ဆုံးပေါ် နည်းပညာသုံး မီးသတ်ပစ္စည်းကိရိယာအနေနဲ့ နိုင်ငံတကာက လက်ခံထားကြပါတယ်။"

လေးပေပတ်လည် ဓာတ်ဆီသို့လှောင်ကန် မီးလောင်ခြင်းကို AFT Cheetah ယာဉ်ဖြင့် ၁၅စက္ကန့်အတွင်း မီးငြိမ်းသတ်ပြသစဉ်။

အဆင့်မြင့် နည်းပညာသုံးပစ္စည်းလို့ ပြောထားတော့ ဘယ်လိုနည်းပညာတွေပါလဲဟု ဆက်လက်စူးစမ်းကြည့်မိပြန်သည်။ "အဆင့်မြင့်နည်းပညာဆိုတဲ့အထဲမှာ ရေမှုန်ရေမွှားနည်းပညာ (Water Mist Technology) နဲ့ ဒုံးပျံနည်းပညာ (Rocket Technology) နှစ်ခု ပေါင်းစပ်ထားတာပါ။ နည်းပညာတွေအကြောင်း ရှင်းလင်းမပြခင် မီးလောင်မှုရဲ့ သဘောသဘာဝကို သိဖို့လိုပါတယ်။ မီးလောင်မှုတစ်ခုဖြစ်ဖို့ဆိုတာ လောင်စာရယ်၊ အောက်ဆီဂျင်ရယ်၊ အပူရှိန်ရယ်ဆိုပြီး သုံးမျိုးပေါင်းစပ်မှဖြစ်တာ၊ အဲဒီသုံးမျိုးထဲက တစ်ခုခုကို မရှိအောင်၊ မရအောင်၊ လျော့ကျသွားအောင် လုပ်နိုင်တယ်ဆိုရင် သေချာပေါက် မီးငြိမ်းပါတယ်။ ဒီရေမှုန်ရေမွှားနည်းပညာကတော့ ရေကို အရွယ်အစားမှန်ကန်အောင် ခွဲစိတ်ပြီး မီးတောက်မီးညွှန့်ပေါ်ကို ဖျန်းပက်လိုက်တဲ့အခါ ရေမှုန်များဟာ မီးအပူရှိန်ကြောင့် ရေခိုးရေငွေ့ဖြစ်သွားပြီး မီးတောက်ပေါ်က ဖုံးအုပ်ထားပါတယ်။ ရေခိုးရေငွေ့ကလည်း အဆပေါင်း ၁၆၄၀ဆထိ ဖြစ်လာတယ်လို့ ဆိုတယ်။ ဒီရေခိုးရေငွေ့ဟာ ပြင်ပလေ မဝင်လာနိုင်အောင် မီးတောက်အပေါ်မှာ ဖုံးထားတော့ အောက်ဆီဂျင်ပြတ်ပြီး မီးငြိမ်းသွားတာပါ။

နောက်တစ်ခုကလည်း AFT နည်းပညာအရ ထွက်လာတဲ့ ရေမှုန်ရေမွှားများဟာ ဖိအားများများ ဖိနှိပ်ထားပြီးမှ ထွက်လာရတဲ့အတွက် အေးမြနေပြီး အပူရှိန်ကို လျော့ကျစေပါတယ်။ ဒီနှစ်ချက်ကြောင့် ရေနည်းနည်းနဲ့ အမြန်မီးငြိမ်းသတ်နိုင်တာပါ"ဟု ကုမ္ပဏီက တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးအောင်က ရှင်းပြသည်။ နောက်နည်းပညာတစ်ခုဖြစ်တဲ့ ဒုံးပျံနည်းပညာကို ရှင်းပြပေးဖို့ပြောတော့ ဦးနေမျိုးအောင်ကပဲ "ဒီနည်းပညာကတော့ ဒုံးပျံတွေပစ်လွှတ်တဲ့ နည်းပညာကို အခြေခံပြီး AFT သေနတ်ကနေ ထွက်လာတဲ့ရေဟာ အရှိန်အပြင်းပြင်းနဲ့ မီးတောက်မီးညွှန့်ဆီကို ရောက်ရှိပက်ဖျန်းနိုင်အောင် လုပ်ထားတာပါ။ မီးငြိမ်းသတ်တဲ့အခါ မီးတောက်ကြီးလာရင် အပူရှိန်ကြောင့် အနား မကပ်နိုင်တာမျိုး ရှိတတ်နိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးဆိုရင် အဝေးကနေ လှမ်းပက်ဖျန်းနိုင်ဖို့ လိုပါတယ်။ ကိုးလီတာကျောပိုး AFT မီးသတ်သေနတ်ကထွက်တဲ့ ရေဟာ ၁၇မီတာ (၅၆ပေ) လောက်ထိ ရောက်ပါတယ်။" ကျွန်တော်က အနီးတွင် ပြထားသည့် ကျောပိုးမီးသတ်ဘူးလေးကိုကြည့်ပြီး "ဒီသေးသေးလေးနဲ့ ဘာစက်မှမပါဘဲနဲ့ ဖြစ်နိုင်ပါ့မလားဗျာ"လို့ ပြန်မေးကြည့်တော့ "ကျွန်တော်တို့ ပြီးခဲ့တဲ့ မေလ ၁၅ရက်နေ့မှာ မန္တလေးမှာရော မုံရွာမှာပါ လက်တွေ့စမ်းသပ်ပြတယ်။ တိုင်ကီပြတ်ခြောက်လုံးမှာ အောက်ကရေခံပြီး တိုင်ကီပြတ်တစ်ခုကို ဓာတ်ဆီနှစ်ဂါလန်ထည့်ပြီး ရှို့တဲ့မီးကို ခုမြင်နေရတဲ့ AFT ကိုးလီတာကျောပိုး တစ်လုံးတည်းနဲ့ ငြိမ်းပြတာ စက္ကန့် ၂၀လောက်ပဲ ကြာတယ်။ လုံးဝမီးငြိမ်းတယ်။ ဒါတောင် မီးငြိမ်းတဲ့သူက ရိုးရိုးအရပ်အဝတ်အစားနဲ့ပဲ

မီးငြိမ်းသတ်



တိုင်ကီပြတ်ခြောက်လုံးတွင် ထည့်ထားသည့် ဓာတ်ဆီ မီးလောင်ခြင်းကို AFT ကိုးလီတာ ကျောပိုးတစ်လုံးတည်းဖြင့်စက္ကန့် ၂၀အတွင်း မီးငြိမ်းသတ်ပြစဉ်။

ငြိမ်းပြတာ၊ အစ်ကိုမယုံရင် အဲဒီတုန်းက CD ခွေရှိတယ်။ အစ်ကို ပြန်ဖွင့်ကြည့်ပါ"လို့ ဦးနေမျိုးအောင်က ယုံကြည်မှုအပြည့်ဖြင့် CD ပေးရင်း ပြန်ဖြေလိုက်သည်။

နည်းပညာအစွမ်းက အံ့သြစရာကောင်းလှသည်။ ဒီလိုပဲ အရွယ်အစား သေးငယ်ပေမယ့် စွမ်းဆောင်နိုင်မှုတွေ တနင့်တပိုးနဲ့ ပစ္စည်းတွေ နယ်ပယ်အသီးသီးမှာ ရှိနေကြသည်။ လူသားတွေသည် သုံးရလွယ်အောင်၊ သယ်ရတာလွယ်အောင်၊ ကြီးကြီးတွေကနေ သေးသေးလေးတွေဖြစ်သွားအောင် စဉ်ဆက်မပြတ် တီထွင်နေကြသည်။ ဆက်လက်ပြီး AFT မီးသတ်ပစ္စည်းအရွယ်အစား၊ အမျိုးအစား အသုံးပြုပုံများနဲ့ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ သုံးစွဲနေသည့် အခြေအနေများကို မေးမြန်းခဲ့သည်။

ကျွန်တော်သိလိုသည့် အချက်များကို ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ "AFT မီးသတ်ပစ္စည်းတွေမှာ လက်ဆွဲရယ်၊ တွန်းလှည်း (Trolly Type) ရယ်၊ ကျောပိုးစနစ်ရယ်၊ ယာဉ်တင်ရယ်ဆိုပြီး လေးမျိုးထုတ်လုပ်ပါတယ်။ လေးမျိုးလုံး ကျွန်တော်တို့ဆီမှာရှိပါတယ်။ လက်ဆွဲကတော့ ရေခြောက်လီတာဆံ့ပြီး စားသောက်ဆိုင်တွေ၊ အိမ်တွေမှာ တစ်ပိုင်တစ်နိုင် သုံးဖို့သင့်ပါတယ်။ ကျောပိုးကတော့ အရည်ကိုးလီတာဆံ့ပြီး မီးသတ်တပ်ဖွဲ့တွေ၊ လေဆိပ်တွေ၊ လောင်စာဆီအရောင်းဆိုင်တွေမှာ သုံးကြပါတယ်။ ဒီအမျိုးအစားကတော့ အသုံးများပြီး တော်တော်လည်း အသုံးတည့်ပါတယ်။ နိုင်ငံတော်တော်များများမှာ ဆိုင်ကယ်စီး မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းပြီး မီးလောင်တာနဲ့ အမြန်ဆုံးရောက်ရှိပြီး လက်ဦးမှုရယူ ငြိမ်းသတ်ကြပါတယ်။ တစ်ခါတလေကျတော့လည်း မီးလောင်တဲ့အနေအထားဟာ မီးသတ်ပိုက်ကြီးတွေ မရောက်နိုင်တဲ့ အထပ်မြင့် တိုက်ကြီးတွေမှာ လောင်တာ၊ ဥမင်လိုဏ်ခေါင်းတွေမှာလောင်တာ၊ စက်ရုံ၊ အလုပ်ရုံတွေရဲ့ ပိုက်လိုင်းတွေ မျက်နှာကြက်တွေထဲမှာ တငွေ့ငွေ့လောင်တာမျိုးတွေ ရှိတတ်ပါတယ်။ ဒီလို သမားရိုးကျ မီးသတ်ယာဉ်တွေနဲ့ ငြိမ်းလို့ခက်တဲ့ မီးလောင်မှုတွေမှာ ဒီပစ္စည်းတွေကတော့ တော်တော်အသုံးတည့်ပါတယ်။ တွန်းလှည်းစနစ်ကတော့ အရည်ပမာဏ ၃၅လီတာ၊ ၅၀လီတာဖြည့်နိုင်တော့ ကြာကြာသုံးနိုင်တယ်။ တွန်းလှည်းပေါ်တင်ထားတော့ သယ်ရ ရွှေ့ပြောင်းရတာလည်း လွယ်တယ်။ စက်ရုံတွေ၊ ကုန်တိုက်ကြီး၊ ဘဏ်တိုက်တွေမှာ အသုံးများပါတယ်။ ယာဉ်တင်ကတော့ မီးသတ်ယာဉ် အငယ်စားလေးတွေပါပဲ။ Pick-Up တို့ Light Truck တို့မှာ တင်ပြီးသုံးနိုင်တယ်။ ယာဉ်အခက်အခဲရှိရင် ထော်လာဂျီလိုမျိုး၊ နောက်တွဲယာဉ်မျိုးမှာ တင်ပြီး သုံးနိုင်ပါတယ်။ အရွယ်အစား

သေးပေမယ့်လည်း မီးသတ်နိုင်တဲ့ စွမ်းအားက တော်တော်မြင့်ပါတယ်။ လီတာ ၆၀၀ဆံ့ ယာဉ်တင်မီးသတ် ပစ္စည်းဟာ ဂါလန် ၈၀၀၀ဆံ့ မီးသတ်ယာဉ်ကြီး တစ်စီးရဲ့ စွမ်းဆောင်နိုင်မှုနဲ့ ညီမျှတယ်လို့ သိရပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ ၄င်းကပင် "AFT ပစ္စည်းတွေ ကျွန်တော်တို့နိုင်ငံမှာ သုံးစွဲမှုအခြေအနေကတော့ စသွင်းလာစတုန်းကတော့ လူတွေက သိပ်မသိတော့ မသုံးဖြစ်ကြသေးဘူး။ မနှစ်ကစပြီး သုံးလာကြတယ်။ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း မီးသတ်တပ်ဖွဲ့တွေမှာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ စီစဉ်ပံ့ပိုးမှုနဲ့ AFT ပစ္စည်းတွေ တပ်ဆင်အသုံးပြုနေပါပြီ။ မနှစ်က မန္တလေးမှာလောင်တဲ့ မီးလောင်မှုဖြစ်စဉ် နှစ်ခုလောက်မှာ AFT သုံးပြီးငြိမ်းတာ ထိရောက်တယ်လို့ သိရပါတယ်။ ဌာနဆိုင်ရာတစ်ခုကလည်း AFT ယာဉ်တင်အမျိုးအစားတွေ ဝယ်ထားပြီး မီးသတ်ယာဉ်အဖြစ် တပ်ဆင်မှုတွေ လုပ်နေပါတယ်။ မကြာခင် အသုံးပြုနိုင်တော့မှာပါ။ လုပ်ငန်းရှင်တွေကလည်း စိတ်ဝင်စားကြပါတယ်"ဟု ရှင်းပြသည်။ နည်းပညာသုံးပစ္စည်းတွေဆိုတော့ ဈေးတော်တော်ကြီးလားလို့ ကျွန်တော်က မေးမြန်းကြည့်ရာ ဦးဇော်ဝိတ်ကပင် "ဈေးနှုန်းကတော့

မီးသတ်ယာဉ်အသုံးပြု

AFT Cheetah မီးသတ်ပစ္စည်းအား ယာဉ်ငယ်ပေါ်တင်၍ မီးသတ်ယာဉ်အဖြစ် အသုံးပြုကြသည်ကို တွေ့ရစဉ်။

အသုံးပြုနိုင်တဲ့စွမ်းရည် ထိရောက်မှုနဲ့ယှဉ်ကြည့်ရင် ထိုက်တန်တယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ AFT ပစ္စည်းတွေကို အခြားမီးသတ်ပစ္စည်းတွေနဲ့ နှိုင်းယှဉ်ရင်တော့ ဈေးကြီးသလိုပါပဲ။ ဒါပေမယ့် တစ်ခါဝယ်ထားပြီးတာနဲ့ နှစ်အကန့်အသတ်မရှိ သုံးနိုင်တာ၊ တကယ်တမ်း ထိရောက်အသုံးဝင်တာတွေနဲ့ ချိန်ထိုးကြည့်ရမှာ ဖြစ်ပါတယ်။ ဥပမာ- မီးသတ်ကားတစ်စီးဝယ်တာနဲ့ AFT ကို ပြည်တွင်းလုပ် Light Truck ယာဉ်ပေါ်တင်ပြီး မီးသတ်ယာဉ်အဖြစ်သုံးတဲ့ ကုန်ကျစရိတ် နှိုင်းယှဉ်ကြည့်ရင် AFT ယာဉ်တင်က ပိုသက်သာပြီး ပိုထိရောက်တာကို တွေ့ရမှာပါ။ တစ်ခုတော့ရှိတာပေါ့ဗျာ… ကျွန်တော်တို့ AFT ပစ္စည်းတွေက အိမ်တွေ၊ ဆိုင်တွေမှာသုံးဖို့ထက် ဌာနဆိုင်ရာ အဖွဲ့အစည်းတွေ၊ စက်ရုံ၊ အလုပ်ရုံကြီးတွေမှာသုံးဖို့ ပိုသင့်ပါတယ်။ တဖြည်းဖြည်းနဲ့တော့ သုံးစွဲမှုတွေ ကျယ်ပြန့်လာမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ရှင်းလင်းပြသည်။

AFT မီးသတ်ပစ္စည်းများသည် နည်းပညာ အသုံးပြုတီထွင်ထုတ်လုပ်ထားသည့် ပစ္စည်းများဖြစ်ပြီး ထိရောက် အစွမ်းထက်မြက်တာ သေချာပါသည်။ နိုင်ငံတကာမှာလည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံသုံးစွဲနေကြသည်။ မီးလောင်မှုတွေ မကြာခဏ ဖြစ်လေ့ရှိသည့် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးပြုအသုံးဝင်သည့် ပစ္စည်းများဖြစ်သည်။ ရေအခက်အခဲရှိသည့် ကျွန်တော့် မွေးရပ်မြေအညာဒေသတွင် AFT မီးသတ်ပစ္စည်းများ ရှိစေချင်သည်။ AFT နှင့် ပတ်သက်ပြီး သိချင်တာ၊ ရေးချင်တာတွေက အများကြီး ကျန်နေသေးသည်။ လေ့လာဖတ်ရှုရသည့် မိတ်ဆွေများလည်း ကျွန်တော့်လိုပင် ဖြစ်နိုင်ပါသည်။ ထပ်မံသိရှိလေ့လာလိုသည့် အသေးစိတ်အချက်အလက်များကိုတော့ အမှတ် (G/9) MGW Tower ဗိုလ်အောင်ကျော်လမ်းရှိ OK Myanmar Co.,Ltd. သို့ လူကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ ဖုန်း-၀၁-၃၉၂၉၈၆နှင့် ၃၉၂၉၈၇တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

လိချ်တင်စတိန်းနိုင်ငံဆိုသည်မှာ . . . .

နိုင်ငံတကာသတင်းအက်ဆေး

လိချ်တင်စတိန်းနိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်းတွင် တည်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့အကြား စတုရန်းကီလိုမီတာ ၁၆၀ ကျယ်ဝန်းသည့် ကုန်းတွင်းပိတ် နိုင်ငံငယ်လေးဖြစ်သည်။ တောင်တန်း တောင်စောင်းများက ရိုင်းမြစ်ဝဒေသအပေါ် စီးမိုးထားသည်။

ဝင်ရောက်ခိုလှုံ

ဤနိုင်ငံမှာ ဝင်ငွေခွန်သက်သာမှုကြောင့် အခြားနိုင်ငံများမှ အခွန်ထမ်းလုပ်ငန်းရှင်များ ဝင်ရောက်ခိုလှုံကြသည့်အတွက် ဝင်ငွေများစွာ ရရှိအကျိုးခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

နိုင်ငံဖြစ်လာ

၁၇၁၉ခုနှစ်တွင် လိချ်တင်စတိန်းဟူသော လက်ရှိအမည်ကို ယူလိုက်ပြီး ဟိုးလီးရိုမန် အင်ပါယာ၏ မင်းသားအုပ်ချုပ်သည့် လွတ်လပ်သောနိုင်ငံ ဖြစ်လာသည်။ ၁၈၁၅ခုနှစ်တွင် ဤနိုင်ငံသည် ဂျာမန်ကွန်ဖက်ဒရေးရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ၁၈၆၆ခုနှစ်တွင် လုံးဝလွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့သည်။

၁၉၃၈ခုနှစ်တွင် မင်းသားကြီး ဒုတိယမြောက်ဖရန့်ဂျိုးဇက်နန်းတက်သည်။ ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ဤနိုင်ငံသည် ကြားနေနိုင်ငံအဖြစ် ရပ်တည်သည်သည်။ ၁၉၈၄ ခုနှစ်တွင် မင်းသားကြီး ဒုတိယမြောက်ဖရန့်ဂျိုးဇက်က သားတော် ဒုတိယမြောက် ဟန့်စ်အဒမ်ထံ အုပ်ချုပ်ရေးအာဏာကို လွှဲပေးသည်။ အမျိုးသမီးများမဲပေးခွင့်ကို ဆန္ဒခံယူကာ အတည်ပြုပေးသည်။

ဝင်ရောက်

၁၉၈၉ခုနှစ်တွင် ဒုတိယမြောက် ဖရန့်ဂျိုးဇက်ကွယ်လွန်သွားသဖြင့် မင်းသားကြီးဒုတိယမြောက် ဟန့်စ်အဒမ်က ရာထူးဆက်ခံသည်။ ၁၉၉၀ပြည့်နှစ်တွင် ကုလသမဂ္ဂသို့ဝင်သည်။ ၁၉၉၁ ခုနှစ်တွင် ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်သည်။

၁၉၉၃ခုနှစ်တွင် မာရီယိုဖရစ် ဝန်ကြီးချုပ်ဖြစ်လာသည်။ အသက် ၂၈ နှစ်သာ ရှိသေးသည်။ ဥရောပတိုက်တွင် အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်သည်။ ၂၀၀၁ခုနှစ် ဖေဖော်ဝါရီလတွင် ဟက်စလာ၏ တိုးတက်သော နိုင်ငံသားများပါတီ(ပီစီပီ)က ရွေးကောက်ပွဲအနိုင်ရကာ ဟက်စလာသည် ထိုနှစ်ဧပြီလတွင် ဝန်ကြီးချုပ် ဖြစ်လာသည်။

တိုးချဲ့ပေးအပ်

၂၀၀၃ ခုနှစ် မတ်လတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီးနောက် မင်းသားကြီး ဟန့်စ်အဒမ်ကို ပြည်သူတို့က နိုင်ငံရေးအာဏာ ထပ်မံတိုးချဲ့ပေးအပ်လိုက်သည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် မင်းသားကြီးဟန့်စ်အဒမ်က နိုင်ငံတော်အကြီးအကဲရာထူးကို ယူထားသော်လည်း နေ့စဉ်လုပ်ငန်းတာဝန်များနှင့် အုပ်ချုပ်ရေးကိစ္စများကို သားတော် မင်းသားအလွိုက်စ်အား ပေးအပ်သည်။

ကျင်းပ

ဟိုးလီးရိုမန် အင်ပါယာပြိုကွဲပြီးကတည်းက လွတ်လပ်ပြီး အချုပ်အခြာအာဏာရရှိလာသည့် နှစ်၂၀၀ ပြည့် အထိမ်းအမှတ်ကို ဤနိုင်ငံက ၂၀၀၆ခုနှစ် ဇူလိုင်လတွင်ကျင်းပသည်။

တိုးတက်သော နိုင်ငံသားများပါတီ(ပီစီပီ)နှင့် မျိုးချစ်များသမဂ္ဂ(ပီယူ)တို့က ၂၀၀၅ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ညွန့်ပေါင်းအစိုးရဖွဲ့သည်။ ဝန်ကြီးချုပ်ရာထူးအား ဟက်စလာကိုပင် ဆက်လက်ပေးအပ်သည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးငါးဦးပါဝင်၍ သုံးဦးမှာ ပီစီပီ ပါတီမှဖြစ်ပြီး ကျန်နှစ်ဦးမှာ ပီယူပါတီမှ ဖြစ်ကြသည်။

ဝေဖန်ခံရ

လူဦးရေသောင်းချီရှိသည့် ဤနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲမှာ မင်းသားကြီး ဟန့်စ်အဒမ်ဖြစ်သည်။ သူသည် ဘဏ်လုပ်ငန်းဆိုင်ရာ၌ ကျွမ်းကျင်သည်။ သို့သော် ၂၀၀၀ ပြည့်နှစ်တွင် ဤနိုင်ငံမှာ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ လျော့ရဲလွန်းသည်ဟု နိုင်ငံတကာ အစီရင်ခံစာနှစ်ခုတွင် ဖော်ပြထောက်ပြခံခဲ့ရသည်။ ဤနိုင်ငံသည် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို ပြုပြင်ခဲ့သည်။ သို့တိုင်အောင် ၂၀၀၇ ခုနှစ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ)၏ နာမည်ပျက်စာရင်းတွင် ပါဝင်ဆဲဖြစ်သည်။

ထိရောက်မှုရှိ

နိုင်ငံတော်အကြီးအကဲ မင်းသားကြီး ဟန့်စ်အဒမ်နှင့် မိသားစုတို့ ၂၀၀၃ခုနှစ်က ရရှိသောအာဏာမှာ ထိရောက်မှုရှိသည်။ ပါလီမန်ဆုံးဖြတ်ချက်များကို နိုင်ငံတော် အကြီးအကဲက ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ အစိုးရကိုဖြုတ်ချခွင့်၊ တရားသူကြီးများကို ခန့်ထားခွင့်များရှိသည်။

အကျိုးခံစားရရှိ

ဤနိုင်ငံမှာ ဝင်ငွေခွန်သက်သာမှုကြောင့် အခြားနိုင်ငံများမှ အခွန်ထမ်းလုပ်ငန်းရှင်များ လာရောက်သည့်အတွက် ရပေါက်ရလမ်းဖြောင့်ကာ အကျိုးခံစား ရရှိနေသည်။ ။

ကိုးကား-အင်တာနက် **တိုးရေးသားသည်**

ဘဝအမောပြေ

မင်းကလွဲရင်....

အိမ်ထောင်သက် ၁၅နှစ်ရှိပြီဖြစ်သော အမျိုးသားတစ်ဦး မျက်စိရောဂါကြောင့် ခွဲစိတ်ကုသမှုခံယူပြီးနောက် ဇနီးဖြစ်သူအား ဝမ်းသာအားရ ပြောကြားလေသည်-

အမျိုးသား ။ ။ မျက်စိခွဲစိတ်ကုသတဲ့ ဆရာဝန်တွေ တော်လိုက်တာကွာ။
ဇနီး ။ ။ ပါရဂူတွေပဲလေ။
အမျိုးသား ။ ။ ခွဲစိတ်တဲ့အချိန်မှာ လုံးဝနာကျင်မှု မရှိဘူး။
ဇနီး ။ ။ ကောင်းတာပေါ့။
အမျိုးသား ။ ။ မျက်စိခွဲစိတ်တဲ့ အချိန်လည်း ၁၀မိနစ်လောက်ပဲ ကြာတယ်။
ဇနီး ။ ။ မြန်လိုက်တာနော်။
အမျိုးသား ။ ။ ခွဲစိတ်ကုသပြီးတော့လည်း လုံးဝနာကျင်မှု မခံစားရဘူး။
ဇနီး ။ ။ ဟုတ်လား။
အမျိုးသား ။ ။ ဆရာဝန်တွေကို အရမ်းကျေးဇူးတင်ဖို့ကောင်းတယ်။
ဇနီး ။ ။ အင်းပေါ့...ဒါ့ထက် မျက်စိအမြင်ကော ကောင်းတယ်မဟုတ်လား။
အမျိုးသား ။ ။ မင်းကလွဲပြီး အကုန်မြင်ရတယ်။
ဇနီး ။ ။ 'ဘာ'

ဘဝဒဿန

❒ *Living without a definite major purpose promises nothing but a scant living.*

အဓိကကျသော ကြီးမားသည့် ရည်ရွယ်ချက်မရှိဘဲ နေထိုင်နေသူတစ်ဦးအတွက် ဘဝတွင် ချို့တဲ့စွာနေထိုင်မှုကလွဲ၍ အခြားဘာမျှမရရှိနိုင်ပါချေ။ *နပိုလီယံဟီးလ်*

ထူးခြားသောရေအောက်ငါးပြတိုက်များ

ထူးခြားသောရေအောက်ငါးပြတိုက်များ
ထူးခြားသောရေအောက်ငါးပြတိုက်များ

ကမ္ဘာတစ်ဝန်းရှိ ရေအောက်ငါးပြတိုက်များအနက် စိတ်ဝင်စားစရာအကောင်းဆုံး ငါးပြတိုက်အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

ဘာလင်မြို့မှ ရေအောက်ငါးပြတိုက်

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်တည်ရှိပြီး ကမ္ဘာပေါ်၌ စိတ်ဝင်စားစရာအကောင်းဆုံး ငါးပြတိုက်ဖြစ်သည်။ အမြင့် ၇၅ပေရှိပြီး ရေဂါလန် ၂၆၀၀၀၀ ထည့်ဝင်နိုင်သော အကျယ်အဝန်း ရှိသည်။

အလှပဆုံး

ကမ္ဘာ့အရှားပါးဆုံး ငါးမျိုးစိတ် ၅၆မျိုးကျော်နှင့် ငါးကောင်ရေ ၂၅၀၀ကျော်ကိုလည်း ထည့်သွင်းပြသထားသည်။ ရေအောက်ငါးပြတိုက်ပုံစံဒီဇိုင်းမှာ ဆလင်ဒါပုံသဏ္ဌာန်ဖြစ်ပြီး ရေအောက်သဘာဝရှုခင်းများကို အလှပဆုံး မြင်တွေ့ခံစားနိုင်သော ငါးပြတိုက်လည်း ဖြစ်သည်။ **(ယာပုံ)** **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့ ငါးပြတိုက်

တရုတ်နိုင်ငံ ပေကျင်းမြို့၌တည်ရှိသည့် ငါးပြတိုက်ဖြစ်သည်။ အရှည်မီတာ ၂၅၀ ခန့်ရှိပြီး အမေရိကန် ဒေါ်လာ ၃၂ သန်းခန့် အကုန်အကျခံကာ တည်ဆောက်ထားသည်။ ငါးမျိုးစိတ်သစ်များနှင့် ထူးခြားသောငါးများ ထည့်သွင်းပြသထားသည်။ ပေကျင်းမြို့ ဈေးအဆောက်အအုံနှစ်ခုအကြားတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ **(အောက်ပုံ) (အင်တာနက်)**

တောင်အာဖရိကမှ ငါးပြတိုက်

တောင်အာဖရိကနိုင်ငံ ဒူရာဘန်မြို့ ကမ်းခြေတွင်ရှိသော ရေအောက်ငါးပြတိုက်သည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် အကြီးဆုံးငါးပြတိုက်ဖြစ်သည်။ ရေပျော်ငါးသတ္တဝါ မျိုးစိတ်ပေါင်းများစွာကို မှန်ရေလှောင်ကန်ပြကွက်ပေါင်း ၃၂ ကွက်ဖြင့် ပြသထားသည်။ အထူးသဖြင့် ပင်လယ်ဖျံများ၊ ငါးမန်းမျိုးစိတ်သစ်များနှင့် ထူးခြားသော လင်းပိုင်များကို ဦးစားပေးပြသထားရာ စိတ်ဝင်စားဖွယ် ဒီဇိုင်းပုံစံအလှအပများကြောင့် ကမ္ဘာ့လှည့်ခရီးသွားအများအပြား နှစ်စဉ်လာရောက်လေ့လာလျက်ရှိသည်။ (ဝဲပုံ) (အင်တာနက်)

20-11 (15).pmd 1 11/20/2009, 1:04 PM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

တည်ငြိမ်အေးချမ်းမှုနှင့်အတူ အကျိုးရလဒ်ကောင်းများဖြစ်ထွန်းနေသော ကော့ကရိတ်

နေပြည်တော် နိုဝင်ဘာ ၁၉

ကရင်ပြည်နယ် မြဝတီမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို လေ့လာခဲ့ပြီးနောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် ၄၅မိုင်ကွာဝေးသည့် ကော့ကရိတ်မြို့နယ်သို့ ဘားအံလမ်းမကြီးအတိုင်း ဒေါနတောင်တန်းကို ဖြတ်ကျော်၍ သတင်းခရီးဆန့်ခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ပြည်ထောင်စုတစ်ဝန်းသို့ လမ်းပန်းဆက်သွယ်ရာ၌ အထောက်အကူပြုလျက်ရှိသည့် ဂျိုင်း (ကော့ကရိတ်) တံတားကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အိပ်ပျော်ချိန် သွားကြိတ်မှုပျောက်ကင်းအောင် ကုသသင့်

ညအိပ်သည့်အခါ သွားကြိတ်ခြင်းကို လျှပ်စစ်တို့ ကုသခြင်းဖြင့် ပျောက်ကင်းနိုင်ပြီး ကောင်းမွန်စွာ အိပ်စက်နိုင်ကြောင်း တွေ့ရသည်ဟု ဆိုသည်။

အိပ်ပျော်စဉ် အသက်ရှူရပ်ခြင်း၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ကျခြင်းတို့ကြောင့်လည်း အိပ်စက်စဉ် သွားကြိတ်တတ်သည်။

ကုသသင့်

သွားကြိတ်ခြင်းကို မကုသပါက သွားများ ပါးကုန်ခြင်း၊ သွားပျက်စီးခြင်း၊ မေးကြောများနာခြင်း၊ ခေါင်းကိုက် ခေါင်းခဲဖြစ်ခြင်းနှင့် အိပ်ရေးပျက်ခြင်းများ ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် ပျောက်ကင်းအောင် ကုသသင့်သည်ဆိုသည်။

လျော့ပါးသွားနိုင်

လျှပ်စစ်တို့ ကုသရေးကိရိယာသုံးခြင်းဖြင့် နှစ်လအတွင်းတွင် ညအခါ သွားကြိတ်မှု ၈၀ရာခိုင်နှုန်းအထိ လျော့ပါးသွားနိုင်ကြောင်း တွေ့ရသည်ဟု ဆိုသည်။

သတင်းခရီးသည် - ဝင်းရွှေ
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော် (စမ်းချောင်း)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

တိမ် ထူထပ်မည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။